# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၅)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်၊ ၁၂-၂-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။

# ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေး

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်သည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်သည်။ နေ့ထူးနေ့မြတ်များအနက် ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်လည်း ဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်ထောင်စုသားအားလုံးအတွက် သူ့ကျွန်ဘဝမှ လွတ်မြောက်ကာ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရာတွင် အရေးပါသော နေ့တစ်နေ့ဖြစ်သဖြင့် သမိုင်းဝင်သော နေ့လည်းဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးပြန်လည်ရရှိရန် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်စစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုတို့တွင် ရဲဝင့်ပြောင်မြောက်စွာ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြသူများလည်းဖြစ်သည်။ ထို့ပြင် အမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်အသီးသီး၌ ကြိုးပမ်းဆောင်ရွက်မှု၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှု၊ ကောင်းမြတ်သည့် ကြိုးပမ်းဆောင်ရွက်မှုများကို အတိတ်သမိုင်းများတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းတစ်ပါးနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ပြီး လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်၍ နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရသည်။ ထိုသို့ ကြိုးပမ်းရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက တောင်တန်းပြည်မ မခွဲခြားဘဲ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းပကားကို အခိုင်အမာဖော်ထုတ်ပြသသည့်အနေဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကို အရယူခဲ့သည်။

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ (၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။ (၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။ (၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။ (၄) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။ (၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးတို့ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွက် သွေးစည်းညီညွတ်မှု စိတ်ဓာတ်သည် ပြည်ထောင်စုသားများ၏ စိတ်အတွင်း၌ ထာဝရစီးဆင်းနေရမည်ဖြစ်သည်။ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ်ကို ပြည်ထောင်စုဖွားအားလုံးက အလေးအနက်ထားခံယူကြရန်နှင့် မမေ့ပျောက်စေရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



# ဗောဓိတစ်ထောင်ဆရာတော် သက်တော်(၉၄)နှစ်ပြည့် မွေးနေ့ ပူဇော်

**မုံရွာ ဖေဖော်ဝါရီ ၁၁**

မုံရွာမြို့နယ်၊ မဟာဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တနာရဒ၏ သက်တော်(၉၄) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

**(အပေါ်ပုံ)**

ဗောဓိတစ်ထောင်ဆရာတော်ကြီးကို ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် အဘ ဦးထွန်းမြတ်၊ အမိ ဒေါ်စောမြိုင်တို့က မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ရွှေတွင်းကုန်းကျေးရွာတွင် ဖွားမြင်ခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် ကိုးဆူတောရကျောင်းတိုက်တွင် ရှင်သာမဏေပြုခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ရဟန်းဖြစ်လာခဲ့ခြင်းဖြစ်သည်။

မုံရွာမြို့နယ် ခတ္တကန်ရွာ မဟာဗောတိတစ်ထောင်ကျောင်းတိုက်ကြီးကို ၁၃၂၂ ခုက ဗောဓိတစ်ထောင်ဆရာတော်ဖြစ်လာမည့် အရှင်နာရဒက ရွာဦးကျောင်းတွင် ဗောဓိပင်တစ်ထောင်စတင်စိုက်ပျိုးရာမှ မဟာဗောဓိတစ်ထောင်ဆရာတော်ဟု နာမည်ကြီးလာခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဗောဓိပင်တစ်သောင်းနှင့် ဓမ္မစကြာ ရုပ်ပွားတော်တစ်သောင်းခန့် တည်ရှိနေပြီ ဖြစ်သည်။

၁၃၁၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဒီပဲယင်းနှင့် အရာတော်မြို့နယ်ရှိ မြရိပ်တောကြီးအတွင်း ပေါ်တော်မူဘုရားများ စတင်တူးဖော်ခဲ့သည့်အတွက် ဗောဓိတစ်ထောင်ဆရာတော်မဖြစ်ခင် ပေါ်တော်မူကိုယ်တော်လေးဟု စတင်နာမည်ကြီးခဲ့သေးသည်။

ဆရာတော်ဘုရားကြီးရှိစဉ်က လျောင်းတော်မူဘုရားကြီးကို ၁၉၉၁ ခုနှစ်တွင် တည်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ရပ်တော်မူဘုရားကြီးကို စတင်တည်ခဲ့ခြင်းဖြစ်သည်။

ဗောဓိတစ်ထောင်ဆရာတော်ကြီးသည် ၄၆ နှစ်တိုင် သာသနာပြုလုပ်ငန်းများကို မနားမနေပြုလုပ်ရင်း ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

(၃၉၄)



# ချမ်းမြသာစည်မြို့နယ် မြနန္ဒာဝန်ထမ်းအိမ်ရာမိသားစု ထမနဲထိုးပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြနန္ဒာဝန်ထမ်းအိမ်ရာ မိသားစု စုပေါင်း၍ ထမနဲထိုးပွဲကို ယနေ့ ညနေပိုင်းက မြနန္ဒာဝန်ထမ်းအိမ်ရာ၌ ပြုလုပ်သည်။

**(အပေါ်ပုံ)**

မြန်မာ့တို့ရဲ့ ရိုးရာမပျက် တပို့တွဲလပြည့်နေ့မှာ မြန်မာတစ်နိုင်ငံလုံး သက်ဆိုင်ရာဒေသအသီးသီး၌ ထမနဲထိုးပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မြန်မာတို့ရဲ့ ဆယ့်နှစ်လရာသီပွဲများအနက် တစ်ပွဲအပါအဝင်ဖြစ်သောကြောင့် ပျော်ရွှင်စရာ အဆို၊ အက၊ ရိုးရာအားကစား နည်းများဖြင့် ကျင်းပလျက်ရှိကြောင်းနှင့် ယနေ့တွင်လည်း ချမ်းမြသာစည်မြို့နယ် မြနန္ဒာဝန်ထမ်းအိမ်ရာမိသားစု စုပေါင်း၍ ထမနဲထိုးပွဲကို စန်းဂုဏ်ရောင်ခြင်းအသင်း၊ မိသားစုခြင်းအသင်း၊ ဝါသနာလုလင်ခြင်းအသင်းတို့မှ ခြင်းအလှခတ်များဖြင့် လာရောက်ခတ်ပြခဲ့ရာ ခြင်းအလှခတ်အသင်းများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးက ဆုငွေများ အသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(၀၅၆)

# သာစည်မြို့ အခြေခံပညာကျောင်းများ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်အတူ ကျောင်းအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး ယခုအချိန်သည် အခြေခံပညာကျောင်းများ၌ နှစ်ဆုံးစာမေးပွဲများနှင့် တက္ကသိုလ်စာမေးပွဲများ ကျင်းပပြုလုပ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်စေရန် မီးဘေးလုံခြုံရေးဆိုင်ရာများ အထူးဂရုပြုကြရန်၊ မီးချိတ်၊ မီးကတ်၊ လှေကား၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိကြရန်နှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၇)**



## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ စာမျက်နှာ ၂၄ မှ

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အထိ နိုင်ငံ၏သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့တို့မှ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံစည်၍ အချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်း အတူရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး (၂၃)ဦးတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ နံနက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်၍ နှစ်စဉ် ပြည်ထောင်စုနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်မှာ (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတ တရားတည်းဟူသော မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကို အခြေခံပြီး အေးအတူ ပူအမျှ ချစ်ကြည်စွာပေါင်းစုနေထိုင်သွားကြမည်ဆိုပါက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါသည်။

ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ် ရရှိထားသော ပြည်ထောင်စုနယ်နိမိတ် မပျောက်ပျက်စေရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားအားလုံးက **"ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရန်"** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသော ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကြီးပြင်းရာ ဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသားသွေးချင်းများဖြစ်သည်ဟူသော အသိစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းတွင် အေးချမ်းစွာ နေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သော စိတ်ထားရှိကြပါသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ယနေ့အချိန်ထိ တိုင်းရင်းသားညီနောင် အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ် မအေးချမ်းဖြစ်နေရာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီ၏ လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသော လမ်းစဉ်ဖြစ်၍ မှန်ကန်သည့် ကောင်းကျိုးရလဒ်များ ရရှိနိုင်မည် မဟုတ်သည့်အတွက် မိမိတို့တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေးအားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ **"လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး"**ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသော နိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

> **☆ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ "လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး"ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်**

မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက် ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန်လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ **"ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်"** တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးသွားမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီး ပါတီစုံပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ရွှေ့ပြောင်းလူဦးရေစာရင်းကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ တိကျမှန်ကန်သည့် အတည်ပြုဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့် တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့် မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဒီမိုကရေစီ ယဉ်ကျေးမှုနှင့်အညီ လူတစ်ဦးချင်း၊ သို့မဟုတ် အဖွဲ့လိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခအဖြစ် ဖန်တီးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုများမှ ရှောင်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့်သာ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်နေသော တည်ငြိမ်အေးချမ်းမှုရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်"** တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းအကြားတွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင် လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ အရည်အသွေးမီသော အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးစေရေးတို့အပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်၍ နည်းပညာနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မတူညီသည့် ရေမြေ၊ ရာသီဥတု၊

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီ နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးပြောကြားစဉ်။

**❍ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကိုတွေ့ရ**

**❍ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်**

❍ နိုင်ငံတော်မှ

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တည်ငြိမ်အေးချမ်းရေး၊ ကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများအရ တာဝန်ထမ်းဆောင်ခွင့်ကို ၆ လသက်တမ်းထပ်မံတိုးမြှင့်ခဲ့ရကြောင်း၊ ယခု ၆ လတာကာလအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အခက်အခဲမရှိစေရေး လစာနှင့် ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေ အခက်အခဲများနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်၍ ကုန်သွယ်မှုကြောင့် နိုင်ငံပိုင် နိုင်ငံခြားငွေများ ရရှိသကဲ့သို့ Non Trade များမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ ယခင်ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှ နိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ခန့်ရှိကြောင်း၊ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပ ချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non Trade များမှရရှိသည့် ငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့ တာဝန်ယူထားရသည့် ကာလအတွင်း နိုင်ငံခြားချေးငွေများ မရရှိကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ CMP လုပ်ငန်းများမှလည်း နိုင်ငံခြားငွေများ ရရှိကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများထံမှ နိုင်ငံခြားငွေများလည်းရရှိကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင် ရသင့်သလောက် ရရှိမှုမရှိသည်ကို တွေ့ရသဖြင့် ပိုမိုတိုးတက်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး**

နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြပြီး မိမိတို့နိုင်ငံ၏ GDP သည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး **နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေး**သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ **တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင် လုပ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊** စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာ လျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းကုန်ကြမ်းများကို ပြည်ပသို့တင်ပို့မည့်အစား အရည်အသွေးမြင့် ပြောင်းထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ ပဲနှင့်ပတ်သက်၍လည်း အလားတူ ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့် ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိအသုံးချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအချက်အလက် ကိန်းဂဏန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အတတ်နိုင်ဆုံး မှန်ကန်မှုရှိစေရေး စာရင်းကောက်ယူ ဆောင်ရွက်သွားရန်လိုပြီး ယင်း အခြေခံအချက်အလက်များနှင့် ဒေသတွင်း စားရေးလိုအပ်ချက်များ အပေါ်မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေး စီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများ လုံလောက်စွာရရှိစေရေး သဲချောင်းများ၌ မြေအောက်တမံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်များရေးဆွဲတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားကြရန် လိုကြောင်း။

**လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေး**

နေရေးလုံခြုံမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့်လုံခြုံရေးဟူ၍ မည်သည့်နိုင်ငံတွင်မျှ မရရှိနိုင်ကြောင်း၊

စာမျက်နှာ ၅ သို့ ★

★ စာမျက်နှာ ၃ မှ

ဒေသအခြေအနေများအပေါ် မူတည်၍ ဒေသအလိုက် မည်သည့် ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းမျိုး ဆောင်ရွက်သင့်သည်၊ မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို သမားရိုးကျနည်းအပြင် ခေတ်မီနည်းစနစ်များဖြင့် တီထွင်တိုးမြှင့်ထုတ်လုပ်ရမည် ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သောကြောင့် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ တန်းတူရည်တူ အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ စနစ်တကျမွေးထုတ်လျက်ရှိပါသည်။

ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ အတတ်ပညာ ပြည့်စုံသော ပညာတတ်များ ပေါ်များရေးဟူသော ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ရေး၊ ဆရာ ဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ရေးတို့အတွက် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးကောင်းမွန်သော ပညာတတ်များ ပေါ်များလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားများ တိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကွာဟမှု လျော့နည်းလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **"ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး"** အတွက် သက်ဆိုင်သူများနှင့် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ် ခံယူလျက် ညီနောင်တစ်စုတည်းထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူစဉ်။

★ စာမျက်နှာ ၄ မှ

ရာဇဝတ်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများသည် နိုင်ငံတိုင်း၌ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ၎င်းတို့၏တာဝန်ထမ်းဆောင်မှုများအပေါ် လိုအပ်သည်များအားပေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုအပိုင်းနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကို အခွင့်ကောင်းယူ၍ အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်မှုကို ကျူးလွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအလိုက် နယ်မြေစိုးမိုးမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုမရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး စားရေးသောက်ရေးနှင့် လူမှုစီးပွားဘဝများလည်း ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားလာမှုနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ယမန်နေ့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များအနေဖြင့် တစုတစည်းတည်းဆုံစည်းခဲ့ကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစုတစည်းတည်း တွေ့ရှိရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက် ဆောင်ရွက်ချက်များကို တွေ့မြင်သိရှိရနိုင်သည့် တန်ဖိုးအရှိဆုံးသော အကြီးအကျယ်ဆုံးသော အခွင့်အရေးပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်၌ ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင် ဖော်ထုတ်လာစေနိုင်မည်ဖြစ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက် လာစေနိုင်မည်ဖြစ် ကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့်ပညာတတ်လူသားအရင်းအမြစ်များ ရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုး မွေးမြူရေးနှင့် နည်းပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်း။

**ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး**

ပညာရေး မြှင့်တင်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် အတွက် စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် ပိုလျှံဘဏ္ဍာငွေများဖြင့် သတ်မှတ်ထားသည့် ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သည့် အဆောက်အအုံများ၊ ခြံစည်းရိုးများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ လုံခြုံရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းလိုင်းခန်းများ ပြည့်စုံစွာရှိစေရေး အလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘတ်ဂျက်ငွေသုံးစွဲမှုနှင့် ပတ်သက်၍ Quick Win ဖြစ်နိုင်သည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်**

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ရွှေ့ပြောင်းလာသူများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါ နေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ၏ စာရင်းများကို မှန်ကန်စွာဖြစ်စေရေး သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်

စာမျက်နှာ ၆ သို့ ★

✳ နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေ စာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည်

✳ ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများ အားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လက်ခံရယူစဉ်။

✯ စာမျက်နှာ ၅ မှ

ဆောင်ရွက်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင် သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် **အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး** နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေး စီမံခန့်ခွဲမှုရန်ပုံငွေ စာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည် ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ် စွန့်ခွာနေရသူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကောက်ယူရရှိထားသည့် စာရင်းတွင် မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏ စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရန်နှင့် စနစ်တကျ စိစစ်ထောက်ပံ့ပေးသွားရန် လိုကြောင်း။

**နွေရာသီ ကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ရေး**

နွေရာသီ ကျောင်းပိတ်ရက်ကာလနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ အနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ်လေ့လာစေခြင်း၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကိုအကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG + 9 အထိ ပညာသင်ကြားရေးစနစ်အဖြစ် ဖော်ဆောင် ထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ယခုမှာကြားချက်များအား ပြန်လည်ရောက်ရှိချိန်တွင် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေးမှာကြားခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားရှိမှု အခြေအနေများ၊ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည့် အခြေအနေများကို လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအား မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လက်နက်ခဲယမ်းသယ်ဆောင်မှုနှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မီးခိုးငွေ့ ကင်းစင်ရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှု၊ စိစစ်မှုတို့နှင့်ပတ်သက်၍ မျက်မြင်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်းများ၊ စိတ်ခွတ်စည်းကမ်းပိုင်းဆိုင်ရာ စစ်ဆေးခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်ပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်းသာ ဖြစ်ရန်လိုပြီး အတင်းအဓမ္မစုဆောင်းခြင်းများ မဖြစ်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍ လျှပ်စစ်မီးလိုအပ်ချက်ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပါက လုပ်ဆောင်ပြီး သုံးနှစ်တာကာလအတွင်း အရင်းကျေကာလသို့ ရောက်ရှိနိုင်မည် ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ MSME လုပ်ငန်းများအား ဆိုလာစနစ်ကို အသုံးပြု၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အသိပညာပေးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ပြုနိုင်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယခုကဲ့သို့ ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာသံရုံးများမှ စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ရှာဖွေနိုင်ရေး ဆောင်ရွက်မှုများ၊ စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထားသဖြင့် အကျိုးရှိရှိဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍လည်း အရေးကြီးသည့် ကိစ္စရပ်များဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားသွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်းတိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေး မြေအဖြစ်သုံးစွဲရန် မသင့်လျော်သည့်နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လိုကြောင်း၊ အဆိုပါမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အထွေထွေဆွေးနွေးမှုများတွင် ပါဝင်သည့်မီးခိုးငွေ့ကင်းစင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ဆောင်ရွက်လျက်ရှိပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးခိုးငွေ့နှင့် လေထုသန့်ရှင်းရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း အဆင့်ဆင့်စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင် မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ် ဆောင်ရွက်သွားရန်လိုကြောင်း။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် သတင်းအချက်အလက်များ ဖော်ထုတ်ရယူ၍ အရေးယူဆောင်ရွက်သွားကြရန် လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ရောင်းချမှုဟူ၍ရှိပြီး သယ်ယူပို့ဆောင်ရာတွင် မြို့ကြီးများကို ဖြတ်ကျော်သယ်ဆောင်နေခြင်းများ ဖြစ်သဖြင့် စနစ်တကျဖိဖိစီးစီးဖြင့် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဒုစရိုက်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်လာသူများအနေဖြင့် နယ်စပ်ဒေသများရှိ ဒေသခံတိုင်းရင်းသူများနှင့် လက်ထပ်ထိမ်းမြားခြင်းများ လုပ်ဆောင်ပြီး မိမိတို့ နိုင်ငံသားအဖြစ်ရရှိရန် ဆောင်ရွက်ခြင်းများလည်း ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသားများနှင့် မိမိတို့နိုင်ငံသားများ တရားမဝင် လက်ထပ်ပေါင်းသင်းနေထိုင်ခြင်းများကို စနစ်တကျဖြင့် ဖော်ထုတ်သွားကြရန်လိုကြောင်း။

စာကြည့်တိုက်များနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်သွားရန်လိုပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## G Dragon က G D And Friend Variety Show ရိုက်ကူးရန် စီစဉ်နေ



အနုပညာလောကသို့ ခုနစ်နှစ်ကျော်ကြာမှ ပြန်လည်ရောက်ရှိလာသည့် ကေပေါ့ဘုရင်ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် ရသစုံအစီအစဉ်ကို GD and Friends ဟု အမည်ပေးထားပြီး ရိုက်ကူးရန်စီစဉ်နေပြီဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအစီအစဉ်တွင် ဂျီဒရယ်ဂွန်ကို အားဖြည့်ကူညီပေးမည့်သရုပ်ဆောင်များမှာ ကင်ဆိုဟွမ်၊ အမ်ဆီဝမ်၊ ကျောင်းဟောအင်း၊ ဟွမ်ကျောင်မင်တို့အပြင် ကေပေါ့အဖွဲ့များ ဖြစ်ကြသည့် အက်စ်စပါ၊ ဆဲဗင်တင်းအဖွဲ့ခွဲ BSS အဖွဲ့ဝင် ဒီကေ၊ ဟိုရှီ၊ ဆောင်ကွမ်နှင့် ဘတ်ဘန်းအဖွဲ့ဝင်ဟောင်း တေယွန်နှင့် ဒယ်ဆောင်းတို့ပါဝင်ထားကြသည်။

ယင်းအစီအစဉ်ကို ၂၀၂၅ ခုနှစ်တွင် အမ်ဘီစီက ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဧည့်သည်သရုပ်ဆောင်အဖြစ် ဂျိုဆီဟို၊ ကျောင်ဟွန်ဒုံး၊ ကျောင်းဟောအင်းနှင့် ဟွမ်ကျောင်မင် စသည့် ဂျီဒရယ်ဂွန်၏အမာခံ ပရိသတ်များစွာလည်း ပါဝင်ထားကြသည်။ (SKY)

## Park Sunghoon က The Tyrant's Chef သရုပ်ဆောင်မှ နုတ်ထွက်ခဲ့ရ



အနုပညာရှင်ပတ်ဆောင်ဟွန်းသည် Squid Game 2 နှင့် ကျော်ကြားခဲ့ပြီး ဗီလိန်ဇာတ်ရုပ်ပိုင်နိုင်ခဲ့ကာ၊ ပထမဦးဆုံးအဓိက နေရာမှ သရုပ်ဆောင်မည့် The Tyrant's Chef မှနုတ်ထွက်ခဲ့ရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပတ်ဆောင်ဟွန်းဇာတ်ရုပ်သည် အယ်ဂျီဘီတီကိုယ်စားပြုဖြစ်သော်လည်း သတ္တိရှိရဲရင့်၍ ခေါင်းဆောင်နိုင်မှု အရည်အချင်းကိုပြသသဖြင့် Squid Game 2 မှာ လူကြိုက်များခဲ့ရာမှ မထင်မှတ်သော ဓာတ်ပုံတင်သည့်ကိစ္စနှင့် အဆိုပါဇာတ်ကားမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

သရုပ်ဆောင်စွမ်းရည်ပြည့်ဝသူဖြစ်၍ ဒါရိုက်တာဟွမ်ဒေါင်ဟွတ်က လိင်ပြောင်းအမျိုးသမီးအဖြစ်ရွေးချယ်ခဲ့ရာမှ ပရိသတ်အားပေးမှုရရှိထားပြီး၊ ပရိသတ်များအချစ်ခံခဲ့ရကာ အမုန်းပွားမှုဖြစ်ပေါ်ခဲ့သည်။ (SKY)



## လေထုညစ်ညမ်းမှုကို နာရီအနည်းငယ်ကြာမျှ ထိတွေ့မိခြင်းကြောင့် အာရုံစိုက်မှုနှင့် စိတ်ခံစားမှုများကို ဖတ်ရှုနားလည်ရန် ပိုမိုခက်ခဲစေနိုင်

လေထုညစ်ညမ်းမှုကို နာရီအနည်းငယ်ကြာမျှ ထိတွေ့မိခြင်းကြောင့် အာရုံစိုက်မှုလျော့နည်းစေပြီး စိတ်ခံစားမှုများကို ဖတ်ရှုနားလည်ရန် ပိုမိုခက်ခဲစေကာ ရွေးချယ်အာရုံစိုက်မှုကိုလည်း အားနည်းစေကြောင်း သိပ္ပံပညာရှင်များမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။ ဗြိတိန်နိုင်ငံရှိ ဘာမင်ဂမ်နှင့်မန်ချက်စတာတက္ကသိုလ်နှစ်ခုမှ သုတေသီများ၏လေ့လာမှုအသစ်တစ်ခုအရ လေထုညစ်ညမ်းမှုနှင့် ခဏတာထိတွေ့မိခြင်းသည် လူတစ်ဦး၏အာရုံစိုက်နိုင်စွမ်းနှင့် စိတ်ခံစားမှုများကို ဖတ်ရှုနားလည်နိုင်စွမ်းကို လျော့နည်းစေပြီး ဈေးဝယ်ထွက်ခြင်းကဲ့သို့ နေ့စဉ်လုပ်ငန်းဆောင်တာများကို ပင်ပိုမိုခက်ခဲစေနိုင်ကြောင်း ဖော်ပြထားသည်။ ညစ်ညမ်းသည့်လေထုနှင့် ထိတွေ့မှုမတိုင်မီနှင့် ထိတွေ့ပြီး လေးနာရီအကြာတွင် သိမြင်မှုဆိုင်ရာစွမ်းရည်များကို စမ်းသပ်စစ်ဆေးခဲ့ပြီး အလုပ်လုပ်သည့် မှတ်ဉာဏ်၊ ရွေးချယ်အာရုံစိုက်မှု၊ စိတ်ခံစားမှုများကို ဖတ်ရှုနားလည်နိုင်စွမ်း၊ စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုမြန်နှုန်းနှင့် ဆက်လက်အာရုံစိုက်နိုင်စွမ်းတို့ကို တိုင်းတာလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)



## တူရကီမင်းသမီး Yagmur Yuksel က The Netizens Report မဂ္ဂဇင်းတွင်ဖော်ပြခံရ

ကမ္ဘာတစ်ဝန်းပုဂ္ဂိုလ်များ၏ ပင်ကိုယ်စွမ်းရည်၊ ဩဇာလွှမ်းမိုးမှု၊ ယဉ်ကျေးမှုဆိုင်ရာအကျိုးသက်ရောက်မှုများကို အသိအမှတ်ပြုဖော်ပြသည့် The Netizens Report မဂ္ဂဇင်းတွင် တူရကီမင်းသမီးယာမူရ်ယူခ်ဆဲလ်လည်း ဖော်ပြခံရကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းတွင် တူရကီအနုပညာရှင်ယာမူရ်ယူခ်ဆဲလ်၊ တရုတ်အနုပညာရှင် ကျန့်ရှီဟာန်၊ ထိုင်းအနုပညာရှင်ဘစ်ဂျာကာပန်၊ ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုနှင့် ကိုရီးယားအနုပညာရှင် စီခေါ်ကင်ထယ်ယောင်းတို့လည်း စာရင်းဝင် ဖြစ်ခဲ့ကြသည်။ (SKY)

## Steve Ma@ Majintong
## ပန်းချီနှင့် ဂီတကျွမ်းကျင်သော အနုပညာရှင်ဖြစ်



တရုတ်အနုပညာရှင် စတီဗာခေါ်မာကျင်ထောင်သည် အနုပညာအရည်အသွေးရှိသူဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၆၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထိုင်ဝမ်၌ မွေးဖွားခဲ့သော မာကျင်ထောင်သည် မွေးချင်းလေးယောက်တွင် ဒုတိယမြောက်သားဖြစ်ပြီး၊ အနုပညာအရည်အသွေးရှိသူဖြစ်ကာ ပန်းချီနှင့် ဂီတကိုကျွမ်းကျင်သူဖြစ်ပြီး အထက်တန်းကျောင်းသားဘဝနှင့် ကိုယ်ပိုင် လူငယ်တီးဝိုင်းထောင်ခဲ့ကာ ကောလိပ်မတက်ဘဲ သင်တန်းတက်၍ ရုပ်သံဌာနတွင် လုပ်ကိုင်၍ အနုပညာလောကသို့ ရောက်ရှိခဲ့သည်။

မာကျင်ထောင်က ကိုယ်ပိုင်ပုံစံနှင့်သရုပ်ဆောင်သူဖြစ်ချင်ခဲ့ပြီး ရုပ်သံနှင့်ရေပန်းစားခဲ့ကာ သတင်းထောက်တစ်ဦးနှင့် အချင်းပွားခဲ့၍ အနုပညာလုပ်ငန်းများ ထိခိုက်ခဲ့၍ ဗြိတိန်တွင် တစ်နှစ်ခွဲကြာပညာသင်ခဲ့သည်။ ၁၉၉၄ခုနှစ် နဂါးနိုင်ဓား၊ ၁၉၉၅ခုနှစ် တတိယမြောက်ပေါင်ချိန် စသည့် အငိုမင်းသားဘဝမှ ဇာတ်ရုပ်ပြောင်းခဲ့ကာ၊

၁၉၉၀ခုနှစ်တွင် တန်ယွဲ့နှင့်လက်ထပ်၍မင်းသမီးလေးရပြီး သုံးနှစ်ကြာမှ ကွာရှင်းခဲ့ကာ၊ ပေါင်ချိန်ရိုက်ရင်း ဝူကျန်းနီနှင့်လက်ထပ်၍ သားနှစ်ဦးနှင့် ၂၀၁၇ခုနှစ်တွင် ကွာရှင်းခဲ့သည်။

၂၀၂၁ခုနှစ်တွင် January of the west နှင့် ပြန်လည်ရောက်ရှိလာကာ၊ အားလပ်ချိန်တွင် ပန်းချီနှင့်ဂီတလုပ်ကိုင်နေသူဖြစ်သည်။ (SKY)

## The Volunteers: To The War 2
## ရုပ်ရှင်ကား တရုတ်အနုပညာရှင်များ ပါဝင်ထား

တရုတ်ရုပ်ရှင်ကား The Volunteers: To the war 2 ကို ဒါရိုက်တာချန့်ခိုင်ခယ်နှင့် ခယ်ရိုက်ကူးထားပြီး အနုပညာရှင်တစ်ဝက်လောက်မှာ တရုတ်အနုပညာရှင်များ ခေါ်ယူရိုက်ကူးထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ တရုတ်တပ်နှင့် အမေရိကန်တပ်ကြားဖြစ်ခဲ့သည့် တိုက်ပွဲများကြားမှ ၁၉၅၀-၅၃ ကာလတောင်မြောက်ကိုရီးယားအရေးမှတစ်ဆင့်ဖြစ်ပွားခဲ့သည့် ကာလရှည်တိုက်ပွဲကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

ဒါရိုက်တာ ချန့်ခိုင်ခယ်က သားဖြစ်သူ ချန့်ဖေယွီနှင့်အတူ ရင်ဘတ်ကြီးနှင့် သရုပ်ဆောင်တတ်သည့် ကျူးယီလုံတို့အပြင် တရုတ်အနုပညာရှင်တစ်ဝက်လောက် ခေါ်ယူရိုက်ကူးဖန်တီးထားသည်။ (SKY)




## Lonely Planet အချစ်ဇာတ်ကားလူကြိုက်များ

၂၀၂၄ခုနှစ်တွင် ထွက်ရှိလာသည့် အချစ်ဇာတ်ကား Lovely Planet မှာ စာရေးဆရာမတစ်ဦး၏အကြောင်းဖြစ်သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ခင်ပွန်းနှင့်ပြတ်စဲထားသည့် စာရေးဆရာမက စာအုပ်အပြီးသတ်ရန်အတွက် မော်ရိုကိုမှ စာရေးဆရာများ တွေ့ဆုံပွဲသို့လာခဲ့သည်။

ပထမဆုံးစာအုပ်နှင့်နာမည်ကြီးခဲ့သည့် လူငယ်စာရေးဆရာမတစ်ဦးကလည်း ချစ်သူနှင့်အတူ မော်ရိုကိုရောက်ရှိလာကာ စာရေးဆရာများကြား မနေတတ်သော ချစ်သူနှင့် အေးအေးဆေးဆေး စာရေးချင်၍ ရှောင်ထွက်လာသော စာရေးဆရာမတို့ ရင်းနှီးခဲ့ကြရာမှ မနှင့်မောင် ဇာတ်လမ်းစတင်ခဲ့သည်။

မော်ရိုကို၏ နောက်ခံလှပသောရှုခင်းများနှင့် ရိုက်ကူးဖန်တီးထားသည့် စာရေးဆရာမတစ်ဦး၏ အချစ်ဇာတ်လမ်းတစ်ပုဒ်အဖြစ်လူ ကြိုက်များခဲ့သည်။ (SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဖိလစ်ပိုင် ကြားကာလရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ စတင်နေပြီဟု ဆို




**မနီလာ ဖေဖော်ဝါရီ ၁၁**

ဖိလစ်ပိုင်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ ကြားကာလရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ စတင်နေပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုရွေးကောက်ပွဲသည် နောက်လာမည့်သမ္မတရွေးကောက်ပွဲအတွက် အခြေအနေကို ပြင်ဆင်ပေးနိုင်ကာ၊ စွပ်စွဲခံထားရသော ဒုတိယသမ္မတ ဆာရာဒူတာတေ၏ နိုင်ငံရေးအနာဂတ်ကို ဆုံးဖြတ်ပေးနိုင်မည်ဟု ဆိုသည်။

ကြားကာလရွေးကောက်ပွဲအတွက် လာမည့် မေလ ၁၂ ရက်နေ့တွင် ကျင်းပမည့် မဲပေးပွဲသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါလီမန်အမတ်နေရာ ၁၈၀၀၀ ကျော်ကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။

Mon

## ရိုမေးနီးယားအာဏာရသမ္မတ ကလော့စ်အိုင်ယိုဟန်နစ် မျိုးချစ်ပါတီများ၏ စုပေါင်းတိုက်တွန်းမှုကြောင့် နုတ်ထွက်

**ဘူခါရက်စ် ဖေဖော်ဝါရီ ၁၁**

ရိုမေးနီးယားနိုင်ငံ၏ အလယ်အလတ်သဘောတရားကိုင်စွဲထားသော လက်ရှိအာဏာရသမ္မတ ကလော့စ်အိုင်ယိုဟန်နစ်သည် အငြင်းပွားဖွယ်ရွေးကောက်ပွဲအပြီးတွင် ရာထူးမှစွန့်လွှတ်ရန် လွှတ်တော်ရှိ မျိုးချစ်ပါတီများ၏ စုပေါင်းတိုက်တွန်းမှုကြောင့် ယမန်နေ့က နုတ်ထွက်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အိုင်ယိုဟန်နစ်သည် လူထုထောက်ခံမှုရရှိသော အတိုက်အခံအုပ်စုများ၏ ဖိအားများတိုးမြှင့်လာပြီးနောက် ၎င်း၏ဆုံးဖြတ်ချက်ကို ကြေညာလိုက်ခြင်းဖြစ်သည်။



ရိုမေးနီးယားနိုင်ငံကို အကျပ်အတည်းမှ ကင်းဝေးစေရန် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရိုမေးနီးယားနိုင်ငံ၏ သမ္မတအဖြစ်မှ မိမိနုတ်ထွက်ပါမည်ဟု ၎င်းက အတိအလင်းပြောကြားသည်။

သူ၏ နုတ်ထွက်ခြင်းသည် ဥရောပသမဂ္ဂနိုင်ငံတွင် ရုရှားနိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုဆိုင်ရာ စွပ်စွဲချက်များနှင့် ယခင်က မသိသေးသော အလွန်တရာမျိုးချစ်ဝါဒီအမတ်လောင်း Calin Georgescu မှ ပထမအကြိမ်အနိုင်ရရှိမှုအပြီးတွင် အမြင့်ဆုံးတရားရုံးမှ သမ္မတရွေးကောက်ပွဲကို ပယ်ဖျက်လိုက်သည့် နှစ်လအကြာတွင် ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့်ကာလက ပြုလုပ်သည့် မျိုးချစ်ဝါဒီများ စည်းရုံးဦးဆောင်သော ဆန္ဒပြပွဲများတွင် ရိုမေးနီးယားနိုင်ငံသား သောင်းနှင့်ချီ၍ ပါဝင်ခဲ့ပြီး အချို့က သမ္မတ ကလော့စ်အိုင်ယိုဟန်နစ် နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

Mon

## ကုလသမဂ္ဂဝန်ထမ်း ၈ ဦးကို ထပ်မံဖမ်းဆီးပြီးနောက် ယီမင်ရှိ လုပ်ငန်းဆောင်တာများကို ယာယီရပ်ဆိုင်းထား

**ဆာနား ဖေဖော်ဝါရီ ၁၁**

ဟူသီအာဏာပိုင်များက ကုလသမဂ္ဂဝန်ထမ်း ၈ ဦးကို ထပ်မံဖမ်းဆီးပြီးနောက် ယီမင်နိုင်ငံရှိ ဆာဒါဒေသတွင် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများအားလုံးကို ယာယီရပ်ဆိုင်းထားသည်ဟု ကုလသမဂ္ဂ၏ ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့ ယာယီရပ်ဆိုင်းထားရခြင်း အကြောင်းအရင်းမှာ ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုကို အာမခံချက်ပေးရန်နှင့် အရေးကြီးသော တာဝန်ကို ချိန်ညှိရန်အတွက်ဖြစ်သည်ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

လတ်တလောတွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ၇ ခုသည် ဆာဒါဒေသတွင် လုပ်ငန်းများဆောင်ရွက်နေပြီး ၎င်းတို့တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကလေးများဆိုင်ရာရန်ပုံငွေအဖွဲ့တို့ပါဝင်သည်။

ဟူသီသူပုန်များ၏လုပ်ရပ်ကြောင့် လက်ရှိကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများ ယာယီရပ်ဆိုင်းလိုက်ရခြင်းကြောင့် ဒေသခံအရပ်သားများ ထိခိုက်နစ်နာမည်ဖြစ်သည်ဟု သံတမန်များက ဝေဖန်ထောက်ပြကြောင်း သိရသည်။

Mon

## အမေရိကန်နျူကလီးယားရေငုပ်သင်္ဘောရောက်လာပြီးနောက် မြောက်ကိုရီးယားနိုင်ငံက တပ်ဖွဲ့များကို အသင့်ပြင်ထား



**ပြုံယမ်း ဖေဖော်ဝါရီ ၁၁**

အမေရိကန်ရေတပ်မတော်၏ အမြန်တိုက်ခိုက်နိုင်သော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီး တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ပြီးနောက် အမေရိကန်က မိမိတို့နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ပြင်းထန်စွာ ခြိမ်းခြောက်နေသည်ဟု စွပ်စွဲကာ လိုအပ်သလို တုံ့ပြန်ရန် တပ်ဖွဲ့များကို အသင့်ပြင်ထားသည်ဟု မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၁၁ ရက်တွင် အသိပေးကြေညာလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောရှိနေခြင်းသည် ရင်ဆိုင်တိုက်ခိုက်ရေးဆိုင်ရာ အမေရိကန်၏ မပြောင်းလဲသော စိတ်နေစိတ်ထားကို သိသာထင်ရှားစွာ ပြသရာရောက်သည်ဟုလည်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက သဘောထားထုတ်ပြန်ခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တစ်ဝိုက်ရှိ ပြင်းထန်သော စစ်ရေးအားပြိုင်မှုကို တကယ့်လက်နက်ကိုင်ပဋိပက္ခအဖြစ် ဦးတည်လာစေနိုင်သဖြင့် အမေရိကန်၏ အန္တရာယ်ရှိသော ရန်လိုသောလုပ်ရပ်နှင့် ပတ်သက်၍ မိမိတို့ အလွန်စိုးရိမ်ပူပန်မိသည်ဟု အဆိုပါသဘောထားထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယင်းယူအက်စ်အက်စ် အလက်ဇန်ဒရီးယား ရေငုပ်သင်္ဘောကို ရေငုပ်သင်္ဘောအဖွဲ့ဝင်တွေ အနားယူဖို့အတွက် ဘူဆန်ဆိပ်ကမ်းမှာ ဆိုက်ကပ်ခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြောင်း သိရသည်။

Mon



## ဓားစာခံထပ်မံလွှတ်ပေးရေးအစီအစဉ်ကို ရုတ်တရက်ရွှေ့ဆိုင်းသည်ဟု ဟားမတ်စ် ကြေညာ

**ဂါဇာ ဖေဖော်ဝါရီ ၁၁**

ယခုအပတ်နှောင်းပိုင်းတွင် ဂါဇာ၌ ပြုလုပ်ရန် စီစဉ်ထားသော ဓားစာခံထပ်မံလွှတ်ပေးရေးကို နောက်ထပ်အသိပေးချက်မရှိသရွေ့ ဟားမတ်စ်အဖွဲ့က ရွှေ့ဆိုင်းလိုက်ပြီး အစ္စရေးကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချိုးဖောက်သည်ဟုလည်း စွပ်စွဲလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းရွှေ့ဆိုင်းမှုဖြင့် ဟားမတ်စ်ဘက်က အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လုံးဝချိုးဖောက်လိုက်ခြင်းဖြစ်သည်ဟု အစ္စရေးက ဖော်ပြခဲ့ပြီး ဂါဇာတွင် စစ်ပြင်ဆင်ရန် တောင်းဆိုခဲ့သည်။

ဟားမတ်စ်တို့ဘက်က ဓားစာခံအားလုံးကို ရက်သတ္တပတ်နှောင်းပိုင်းတွင် လွှတ်ပေးရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြားဝင်ဖိအားပေးနေပြီး အကယ်၍ လွှတ်မပေးပါက အပစ်အခတ်ရပ်စဲရေးကို ဖျက်သိမ်းပစ်ရန်အထိ အစ္စရေးကို တိုက်တွန်းထားသည်။

ဟားမတ်စ်ဘက်က စစ်ရေးရပ်စဲရေးသဘောတူညီချက်၏ ပထမအဆင့်တွင် အစ္စရေးဓားစာခံ ၁၆ ဦးကို လွှတ်ပေးခဲ့သည်။ လာမည့်အဆင့်တွင် အကြိမ်ကြိမ်ရွှေ့ဆိုင်းထားသော စုစုပေါင်း ၃၃ ဦးကို လွှတ်ပေးရမည်ဖြစ်သော်လည်း ၎င်းတို့အနက် ၈ ဦးမှာ သေဆုံးသွားပြီဟု အစ္စရေးဘက်က စုံစမ်းသိရှိထားကြောင်း သိရသည်။

Mon

0-0-0-0-0

## ရှာမန်အယောင်ဆောင်လိမ်လည်မှုဖြင့် သံသယရှိသူကို ဩစတြီးယားရဲတပ်ဖွဲ့က ဖမ်းဝရမ်းထုတ်ဆင့်

**ဗီယင်နာ ဖေဖော်ဝါရီ ၁၁**

ဩစတြီးယားရဲတပ်ဖွဲ့က အမျိုးသမီးတစ်ဦးကို ဖမ်းဝရမ်းထုတ်ဆင့်ထားပြီး ထိုအမျိုးသမီးသည် ရှာမန်အယောင်ဆောင်ကာ လူအများကို ငွေကြေးအမြောက်အမြား လိမ်လည်ခဲ့သည်ဟု ယူဆရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗီယင်နာမြို့အနီး မိုက်ဒလင်မြို့ရှိ ထိုအမျိုးသမီး၏ နေအိမ်တွင် ငွေသား၊ လက်ဝတ်ရတနာများနှင့် ရွှေများပါဝင်သော ယူရိုငွေ ၁၀ သန်းကျော် (ပေါင် ၈ ဒသမ ၃ သန်း) တန်ဖိုးရှိသည့် ပစ္စည်းများကို သက်ဆိုင်ရာရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ဩစတြီးယားနိုင်ငံသား အသက် ၄၄ နှစ်အရွယ် အဆိုပါ သံသယဖြစ်ဖွယ် အမျိုးသမီးအနေဖြင့် မာရီယာနာ၊ အေမီလာဟူသော အမည်နှစ်ခုဖြင့် လှုပ်ရှားခဲ့သူဖြစ်ကြောင်း ဩစတြီးယားရဲတပ်ဖွဲ့က အတည်ပြုသည်။

၎င်းအနေဖြင့် ဩစတြီးယား၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် အကြားအမြင်ရသော ရှာမန်အယောင်ဆောင်ပြီး လိမ်လည်ခဲ့သည်ဟု ထင်မြင်ယူဆကာ ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

Mon



**ဂွာတီမာလာနိုင်ငံ ဂွာတီမာလာမြို့အနီးရှိ ချောက်ကြီးထဲသို့ ယမန်နေ့က ထိုးကျသွားကာ လူပေါင်း ၅၄ ဦးထက်မနည်း သေဆုံးစေခဲ့သည့် ခရီးသည်တင်ဘတ်စ်ကားကို အခင်းဖြစ်ပြီးနောက် တွေ့ရစဉ်။** Mon

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားသို့ပင့်လျှောက်/ဖိတ်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ပွဲ အခမ်းအနားကို မတ် ၁၁ ရက်နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို မတ် ၁၃ ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်နေ့) ကြာသပတေးနေ့တွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားများသို့ **"အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"** ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ကြီးများနှင့် **အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များကို မတ် ၉ ရက်ထက် မစော၊ မတ် ၁၀ ရက်ထက်နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်နိုင်ပါရန် ပင့်လျှောက်/ ဖိတ်ကြားထားကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင်ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။



**ပါဝင်ဆင်နွှဲ**

ထိုသို့ ကျင်းပလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော မင်္ဂလွန်းကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါလမ်းသစ်ရှင်းလင်းဆောင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဦးဇော်ဝင်း၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ မင်္ဂလွန်းကျေးရွာရပ်မိရပ်ဖ ဦးခိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

သန်းဝင်း(သန်လျင်)

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) (၁၁/၂၀၂၄)ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ






**မန္တလေး ဖေဖော်ဝါရီ ၁၁**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ပထမနှစ် ဘီဒီအက်စ်(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါ တက္ကသိုလ် ရွှေဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့် ဆေးဘက်ဆိုင်ရာ နှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက အားတက်ခိုင်မာသွားဘက်ဆိုင်ရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကပြ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယနှစ်ဘီဒီအက်စ်(၁၂/၂၀၂၄)ကျောင်းသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ပထမနှစ် ဘီဒီအက်စ်(၁၁/၂၀၂၄)ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ကိုလည်းကောင်း ပြောကြားခဲ့ကြသည်။

၄င်းနောက် ကျောင်းသား ကျောင်းသူများ၏ အက၊ အလှများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေသီဆိုမှုများကို ကြည့်ရှုအားပေးပြီးနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀

# ရတနာပုံမန္တလေးမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား (စတုတ္ထ)အကြိမ် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ





**မန္တလေး ဖေဖော်ဝါရီ ၁၁**

ရတနာပုံမန္တလေးမြို့တည် နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် မဟာ သကျမာရဇိန်ကျောက်တော်ကြီး ဘုရား၏ စတုတ္ထအကြိမ်မြောက် ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့ နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ရင်ပြင် တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း နှင့် တာဝန်ရှိသူများ၊ ရက်ကန်း ပညာရှင်များ၊ စက်ချုပ်ပညာရှင် များ၊ လုပ်အားဒါနပြုကြသူများ နှင့် ဖိတ်ကြားထားသူများ တက် ရောက်ကြပြီး တိုင်းဒေသကြီးအစိုး ရအဖွဲ့ဝင် ဝန်ကြီးများသည် မဟာ သကျမာရဇိန် ကျောက်တော်ကြီး ဘုရားအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ရင်ပြင်တော်ရှိ သတ်မှတ်နေရာ တွင် ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးသာသနာရေးဦးစီး မှူးနှင့် ကျောက်တော်ကြီးဂေါပက အဖွဲ့ဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးပြီး ရက်ကန်းအဖွဲ့က ရွှေကြာသင်္ကန်းအား စတင်ရက် လုပ်ပူဇော်နေမှုများကို လိုက်လံ ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် ရွှေကြာ သင်္ကန်းရက်လုပ်ပူဇော်ပွဲကို မဟာ သကျမာရဇိန်ကျောက်တော်ကြီး ဘုရားဂေါပကအဖွဲ့က ကြီးမှူး ကျင်းပခြင်းဖြစ်ပြီး တပို့တွဲလပြည့် နေ့ နံနက်ပိုင်းတွင် မဟာသကျ မာရဇိန် ကျောက်တော်ကြီးဘုရား အား ဆက်ကပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း၊ မန်းမြေရာဇာကုမ္ပဏီ မိသားစုက ဘုရားဖူးလာသည့်ပရိ သတ်များအား နှမ်းမနဲ(ထမနဲ) စတုဒိသာများဖြင့် ဧည့်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ညောင်ပင်သာမြို့ပတ်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိုင်းပန် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ညောင်ပင်သာ မြို့ပတ်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါကွန်ကရစ် လမ်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်စုစုလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော် မြင့်က အမှာစကားပြောကြားခဲ့ သည်။

ဆက်လက်၍ ဒေသခံပြည်သူ များကိုယ်စား အနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းစံမောင်မှ ကျေးဇူးတင်စကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူ ဌာနဆိုင် ရာအကြီးအကဲများက ညောင်ပင် သာမြို့ပတ်လမ်း ကွန်ကရစ်လမ်း အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ သည်။

အဆိုပါ ညောင်ပင်သာမြို့ ပတ်လမ်း ကွန်ကရစ်လမ်းသည် အရှည် ၄၅၀ ပေ၊ အကျယ် ၁၀ ပေနှင့် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာ ရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း၊ တန်ဖိုးငွေ ကျပ် သိန်း ၁၅၀ ဖြင့် ဆောင်ရွက် ခဲ့ကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# တောင်ကြီးမြို့နယ်၌ ကွန်ပျူတာတက္ကသိုလ်အဝင်ကတ္တရာလမ်းသစ် ဖွင့်လှစ်

**တောင်ကြီး ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ နောက်လေ ကျေးရွာအုပ်စု၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက (၇၈)နှစ် မြောက် ပြည်ထောင်စုနေ့ကို ကြို ဆိုဂုဏ်ပြုသောအားဖြင့် သမဝါ ယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန် ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ဖြင့်ဆောင်ရွက်သော ကွန်ပျူတာ တက္ကသိုလ်အဝင် ကတ္တရာလမ်း သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း)ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း လမ်း တံတားများနှင့် ကတ္တရာလမ်းသစ် ဆောင်ရွက်ခဲ့မှုများအား ကျေး လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်း သန့်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်သယံ ဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေဝင်းအောင်၊ ပြည် နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဖံတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။ ထို့နောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ဘင်ခရာအဖွဲ့ နှင့်ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့် ငွေပေးအပ်ပြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးက ကတ္တရာလမ်းသစ်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များအား ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများ က စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးပြီး ကတ္တရာလမ်းသစ် အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကွန်ပျူတာတက္ကသိုလ် အဝင်လမ်းသည် လမ်းဦးစီးဌာန ပိုင် တောင်ကြီး-ကျိုင်းတုံလမ်းမ ကြီးနှင့် ချိတ်ဆက်နေပြီး စုစု ပေါင်း လမ်းအရှည်(၀/၄)မိုင်ရှိပြီး ကွန်ကရစ်လမ်း(၀/၁)မိုင်၊ မြေသားလမ်း (၀/၃)ရှိ၍ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် (၀/၃ မိုင်)၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်) ရန်ပုံငွေဖြင့် ၅ပေ ကျောက်ရိုးစီ Box Culvert ၂ စင်း ဆောင် ရွက်ရန် လျာထားဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ လမ်းဖွင့်လှစ်ပေးမှု ကြောင့် နောင်လေကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာ ၂ ရွာ၊ လူနေ အိမ်ခြေ ၈၅၀ ကျော်၊ လူဦးရေ ၃၅၀၀ ကျော်နှင့် ကွန်ပျူတာ တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာ နိုင်ကြောင်း သိရသည်။ **(၃၆၈)**

# ပြည်ထောင်စုနေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ



**ကွန်ဟိန်း ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲအား ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်(၃) ဒေါ်သဲမာက ပြိုင်ပွဲများကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်လှိုင်ဇင်ဝင်း၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဇင်ဦးနှင့် အစိုးရမူလတန်းကြိုကျောင်း ကျောင်းအုပ် ဒေါ်ရတနာအောင်တို့က အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲများအား ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည် ဉာဏ်သွေးထက်မြက်လာစေရန် ရည်ရွယ်၍ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများအား လက်ဝယ်အရောက် ဖြန့်ဝေခဲ့သည်။

အဆိုပါ သတင်းစကားလက်ကမ်းစာစောင်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ စည်းလုံးခြင်းအင်အား တိုင်းပြည်အကျိုးစီးပွား၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသူများ၊ ဘိုမျိုး(ရွှေဘို)ရေးသားသည့် ပြည်ထောင်စုကိုကာကွယ်စို့ ကဗျာ၊ ကာတွန်းများ ပါဝင်သည့် သတင်းစကား လက်ကမ်းစာစောင်များကို အသိပညာပေး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား
## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ခါကျက်ဥများဈေးကောင်းရသောကြောင့် တစ်ဧက ငွေကျပ် သိန်း ၁၂၀ ခန့် အကျိုးအမြတ်ရနေ

**မန္တလေး ဇန်နဝါရီ ၁၁**

ပြင်ဦးလွင်မြို့နယ် အတွင်း စိုက်ခင်းများတွင် စိုက်ပျိုးသည့် ခါကျက်ဥများ ဈေးကောင်းရရှိလာရာ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ကျော်ထိ ပေါက်ဈေးရှိနေကြောင်း ခါကျက်ဥစိုက်တောင်သူများထံက သိရသည်။

ပြင်ဦးလွင်ဒေသတွင် ကိုရီးယား ခါကျက်ဥ F1 မျိုးကို တစ် ဧက တစ်ကီလိုနှုန်းဖြင့် စိုက်ပျိုးပြီး မျိုးတစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ခန့် ကုန်ကြသည်။ ခါကျက်ဥတစ်ဧက စိုက်ပျိုးစရိတ်ငွေကျပ်မျိုး၊ စိုက်ပျိုးစရိတ်ပေါင်း ငွေကျပ် သိန်း ၃၀ ခန့်ကုန်ကျကြောင်းနှင့် ခါကျက်ဥကုန်ချိန် ၁၀၀၀၀ ခန့်ထွက်ရှိသဖြင့်ကြောင်း တောင်သူများထံက သိရသည်။

ပြင်ဦးလွင်ဒေသရှိ တောင်သူများမှာ ဒေသမျိုးအပြင် အထွက်နှုန်းကောင်းသည့် ကိုရီးယား ခါကျက်ဥများကို စိုက်ပျိုးရာ တစ်ဧကလျှင် ကုန်ချိန် ၈၀၀၀-၁၅၀၀၀ ထိထွက်ရှိကြောင်း ပျှမ်းမျှ တစ်ဧက ကုန်ချိန် ၁၀၀၀၀ ခန့် ထွက်ရှိကြောင်းလက်ရှိ ခါကျက်ဥ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့် ပေါက်ဈေးမှာ ဈေးကျဆင်းနေသော်လည်း တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် သိန်း ၁၂၀ အကျိုးအမြတ်ရှိကြောင်း စိုက်ပျိုးကာလမှာ ဆောင်းရာသီစိုက်သီးနှံဖြစ်ပြီး အောက်တိုဘာလမှ ဖော်ဝါရီလအတွင်း စိုက်ပျိုးရန်အကောင်းဆုံးဖြစ်ကြောင်း ခါကျက်ဥစိုက်တောင်သူ ကိုချမ်းချမ်းက မန္တလေးနေ့စဉ်ကို ပြောသည်။

"ခါကျက်ဥကိုရီးယားမျိုးက တစ်ကီလို ငွေကျပ် ၁၀ သိန်း လောက်ပေးဝယ် စိုက်ပျိုးရပါတယ်။ ဆောင်းစိုက်အတွက် အောက်တိုဘာလကနေ ဖေဖော်ဝါရီလကြားမှာ အဓိကစိုက်ပါတယ်။ ကိုရီးယားမျိုးက ကုန်ချိန်အထွက်နှုန်းကောင်းပါတော့ ဈေးကွက်ဈေးကျဆင်းချိန်တောင် အမြတ်ကျန်ပါတယ်။ ဒီနှစ် ခါကျက်တစ်ပိဿာငွေကျပ် ၁၅၀၀ ပေါက်ဈေး ရှိပါတယ်။ စိုက်ပျိုးချိန်ရက် ၁၀၀-၁၂၀ လောက် စိုက်ပျိုးပြီး တစ်ဧက ငွေကျပ် သိန်း ၁၂၀ လောက် ကျန်ပါတယ်" ဟု ၎င်းကပြောသည်။

ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် ခါကျက်ဥများ ကိုမြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချလျက်ရှိပြီး တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံမှ ခါကျက်ဥများ တင်သွင်းမှု မရှိသောကြောင့် ပြည်တွင်းဈေးကွက်တွင် မျိုးဈေးကြီးမြင့်သလို အကျိုးအမြတ်လည်း ကောင်းကောင်းရရှိသည့် သီးနှံအမယ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) ရွှေမန်း**






## ထိုင်နေတဲ့ခုံမှာပဲ ပြုလုပ်လို့ရတဲ့ လေ့ကျင့်ခန်းများ




တစ်နေကုန်ထိုင်ပြီး အလုပ်လုပ်ရတဲ့သူတွေအတွက် အညောင်းမိ၊ကိုက်ခဲတယ်ဆိုတာ မထူးဆန်းတော့ပါဘူး။ နေ့စဉ် မနက်ခင်းကနေ ညနေထိ အလုပ်စားပွဲခုံမှာ အလုပ်ထိုင်လုပ်နေတဲ့သူတွေကတော့ အလုပ်ပြီးတာနဲ့ အိမ်ပြန်တဲ့ လမ်းမှာလည်း ပင်ပန်းနွမ်းနယ်မှုတွေနဲ့အတူကား၊ ဆိုင်ကယ်၊စက်ဘီး၊လမ်းလျှောက်ရတာကြောင့် လေ့ကျင့်ခန်းလုပ်ဖို့ အချိန်မပေးနိုင်၊ ပင်ပန်းတာကြောင့် မလုပ်နိုင်တော့တာတွေဖြစ်ကြပါတယ်။ လေ့ကျင့်ခန်း မလုပ်ဖြစ်ဘူးဆိုရင်တောင် အညောင်းအညာပြေပြီး သက်သောင့်သက်သာဖြစ်စေဖို့အတွက် အကြောဆန့်လေ့ကျင့်ခန်းတွေကိုတော့ ပြုလုပ်ပေးသင့်ပါတယ်။ ဒါကြောင့် အလုပ်စားပွဲ ထိုင်ခုံမှာပဲ အလွယ်တကူပြုလုပ်လို့ရတဲ့ ကိုယ်လက်လှုပ်ရှားမှု အကြောဆန့် လေ့ကျင့်ခန်းတွေကို ဖော်ပြပေးလိုက်ပါတယ်။ လွယ်ကူရိုးရှင်းပြီး အချိန်လည်း သိပ်မပေးရတာကြောင့် ပြုလုပ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

**Daisy**

## နိုင်ငံတကာ ဆယ်လီတွေကြားမှာ ခေတ်စားနေတဲ့ Pilates

နိုင်ငံတကာမှာ ထင်ပေါ်ကျော်ကြားသူတွေဖြစ်ကြတဲ့ K-pop Idol, မော်ဒယ်လ်၊ မင်းသမီးနဲ့ ဆယ်လီတွေကြားမှာ ခေတ်စားနေတဲ့ Pilates ဆိုတာကတော့ အလွယ်ဆုံးပြောရရင် ယောဂလို အကြောလျှော့ပြီး ငြိမ်ငြိမ်လေး လုပ်ရတဲ့ လေ့ကျင့်ခန်းပုံစံတစ်မျိုး ဖြစ်ပါတယ်။

Pilates လေ့ကျင့်ခန်းဟာ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က တီထွင်ခဲ့သော လှုပ်ရှားမှု လေ့ကျင့်ခန်းပုံစံတစ်မျိုးဖြစ်ပြီး ယောဂ(သို့မဟုတ်)ဘဲလေး (သို့မဟုတ်)ဂျွမ်းဘားလိုပုံစံ အငြိမ်လေ့ကျင့်ခန်း တစ်မျိုး ဖြစ်ပါတယ်။

Pilates သည် အင်အားထုတ်ပြီး ပင်ပန်းနွမ်းနယ်စွာလုပ်ရတဲ့ လေ့ကျင့်ခန်းတွေကို မကြိုက်သူများအတွက် သင့်တော်တဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။ Pilates လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကို ဖော်ပြလိုက်ပါတယ်။

**(၁)ကြွက်သားအားကောင်းစေခြင်း**

Pilates လေ့ကျင့်ခန်းဟာ လွယ်ကူတယ်လို့ ထင်ရပေမယ့်လည်း အစပိုင်းမှာ ခန္ဓာကိုယ်က အကြောတွေနဲ့ ကြွက်သားတွေ တောင့်တင်းနေတာကြောင့် ကြွက်သားနာခြင်း၊ ညောင်းညာကိုက်ခဲခြင်းတွေကို ဖြစ်စေပေမယ့် ပုံမှန်ပြုလုပ်ပေးသွားရင် ကြွက်သားတွေ အားကောင်းလာပြီး အရေပြားကျစ်လျစ်သန်မာလာစေပါတယ်။

**(၂)ကျောရိုးတစ်ဝိုက်တွင် မသက်မသာဖြစ်မှုကို လျှော့ချပေးခြင်း**

မကြာခဏ ခါးနာခြင်းကို ခံစားနေရတယ်ဆိုရင် Pilates ပြုလုပ်ပေးခြင်း ခါးနာခြင်းကို သိသိသာသာ သက်သာစေပါတယ်။ ကြွက်သားများကို သန်မာစေရုံသာမက ကိုယ်ဟန်အနေအထား မညီတာတွေကိုလည်း သက်သာစေပြီး ခါးနာ၊ ကျောနာ၊ ဒူးနာခြင်းတွေကို သက်သာစေပါတယ်။

**(၃)လှုပ်ရှားမှုများ ညှိနှိုင်းတိုးတက်လာခြင်း**

Pilates ပြုလုပ်တဲ့အခါမှာ လေ့ကျင့်ခန်းအပေါ် အာရုံစူးစိုက်မှု အပြည့်ရှိဖို့ လိုအပ်ပြီး ခန္ဓာကိုယ်လှုပ်ရှားမှု ကောင်းမွန်တိုးတက်စေရန် ကူညီပေးပါသည်။

**(၄) Cellulite လျှော့ချပေးခြင်း**

Pilates လေ့ကျင့်ခန်းများ သည် ခြေသလုံး၊ တင်ပါးနှင့် ဝမ်းဗိုက်ကြွက်သားများ အားကောင်းစေပြီး အမျိုးသမီးတိုင်းလိုလို ကြုံတွေ့ရနိုင်သည့် အဆီပြင် cellulite လျှော့ချခြင်းကို အထောက်အကူဖြစ်စေပါတယ်။

**(၅) Pilates – တစ်လအတွင်း အကျိုးသက်ရောက်မှု**

ပုံမှန်လေ့ကျင့်ခန်းကို တစ်ပတ်လောက်လုပ်ရုံနဲ့ အကျိုးသက်ရောက်မှုများကို မမြင်နိုင်ပေမယ့် တစ်လအကြာလုပ်ပြီးသွားရင်တော့ ပထမဆုံးအနေနဲ့ ဝမ်းဗိုက်ကြွက်သားတွေကို သန်မာလာစေပြီး ဗိုက်ချပ်လာစေပါတယ်။ ခါးနာ၊ ကျောရိုးနာခြင်း၊ညောင်းညာကိုက်ခဲခြင်း၊ အကြောတက်ခြင်းတွေကို သက်သာလာစေပြီး ကြွက်သားတွေ သန်မာလာတာကို ခံစားရမှာဖြစ်ပါတယ်။ **Daisy**





## ပျက်စီးနေတဲ့ အသားအရေ ပြန်လည်ကောင်းမွန်စေမယ့် နည်းလမ်း

အသားအရေ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းပြီး မတည့်တဲ့ Skin Care ပစ္စည်းတွေ သုံးမိတဲ့အခါတွေမှာ အသားအရေပျက်စီးတာတွေ ဖြစ်တတ်ပါတယ်။ အသားအရေပျက်စီးသွားတဲ့အခါမှာ ပြန်ကောင်းဖို့အတွက် လုပ်ရတာဟာ အချိန်ပေးပြီးသေချာ ဂရုစိုက်ရဖို့ အရေးကြီးပါတယ်။ အဲလိုဂရုစိုက်မှုတွေ ပြုလုပ်တဲ့အခါမှာလည်း သေချာသတိထားဖို့လိုပါတယ်။ မျက်နှာသစ်တဲ့အခါမှာ ရေကို ခပ်နွေးနွေး အသုံးပြုပြီး မျက်နှာသစ်ဆေးအပျော့နဲ့ သစ်ပါ။ အမွှေးနံ့ပါတဲ့ Skin Care ပစ္စည်းတွေအစား အနံ့မပါတဲ့ပစ္စည်းကို အသုံးပြုပေးပါ။ နေရောင်ဒဏ်ကို ကာကွယ်ဖို့အတွက် SPF 50 ပါတဲ့ Suncream ကို နေ့စဉ် မဖြစ်မနေလိမ်းပေးဖို့ လိုအပ်ပါတယ်။ မျက်နှာကို မကြာခဏ ကြေး(ချေး)ချွတ်ခြင်း၊ Scrub တိုက်ခြင်းတွေကို ရှောင်ကြဉ်ဖို့လိုအပ်ပြီး Active Ingridents Skin Care တွေဖြစ်တဲ့ Vitamin-C, Retionl, AHA-BHA ပါတာတွေကို အသုံးမပြုသင့်သလို အသုံးပြုမယ်ဆိုရင်လည်း အရေပြား ဆရာဝန်နဲ့ ဆွေးနွေးတိုင်ပင်ပြီးမှ အသုံးပြုသင့်ပါတယ်။ **Daisy**

## Valentine'sDay (ချစ်သူများနေ့)နဲ့ လိုက်ဖက်မယ့် ပန်းရောင်ဖက်ရှင်များ

မကြာခင်ရက်ပိုင်းမှာ လူငယ်တွေနှစ်သက်ကြတဲ့ ချစ်သူများနေ့ (Valentine's Day) ရောက်ရှိလာတော့မှာဖြစ်တာကြောင့် အဲဒီနေ့မှာ ချစ်သူများနေ့ရဲ့အရောင်ဖြစ်တဲ့ အနီကိုဝတ်ဆင်လေ့ရှိကြတဲ့အတွက် သူများနဲ့မတူဘဲ ချစ်သူများနေ့နဲ့လည်း သက်ဆိုင်တဲ့ အရောင်ကို ဝတ်ဆင်ဖို့ စဉ်းစားထားတယ်ဆိုရင်တော့ ပန်းရောင်နုနုလေးကို ရွေးချယ်ဖို့ အကြံပြုပါတယ်။ ပန်းရောင်နုနုလေးဟာ နူးညံ့သိမ်မွေ့ခြင်း၊ မိန်းမသားဆန်ခြင်း၊ ငယ်ရွယ်နုပျိုခြင်းနဲ့ နူးညံ့တဲ့ ချစ်ခြင်း မေတ္တာကို ကိုယ်စားပြုတာကြောင့် နူးညံ့လှပပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပုံစံကို ဖော်ဆောင်ပေးနိုင်ပါတယ်။ ပန်းနုရောင်ဟာ ဘယ်အသားအရောင်မဆို လိုက်ဖက်ပြီး အသက်အရွယ်မရွေး လိုက်ဖက်တာကြောင့် မိမိနှစ်သက်တဲ့ အဝတ်အစားဒီဇိုင်းနဲ့ ပုံစံမျိုးကိုမှ ပန်းနုရောင်ကို အဖြူရောင်၊ အသားရောင်ဖျော့ဖျော့နဲ့ တွဲဖက်ဝတ်ဆင်မယ်ဆိုရင် သူများတွေနဲ့ မတူတော့တဲ့ Valentine's Day ဖက်ရှင်ကိုရရှိစေမှာ ဖြစ်ပါတယ်။ ပန်းနုရောင် အဝတ်အစားပုံစံတွေကို ရွေးချယ်ဝတ်ဆင်နိုင်ဖို့အတွက် ပုံနှင့်တကွဖော်ပြလိုက်ပါတယ်။ **Daisy**




## တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်တဲ့အခါမှာ ဒီအချက်တွေကို လိုက်နာပါ

ခန္ဓာကိုယ်ကျန်းမာလှပဖို့အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ဖို့က အရေးကြီးပါတယ်။ နေ့စဉ်မျက်နှာသစ်၊ ရေချိုး၊ သွားတိုက်၊ သန့်ရှင်းစွာဝတ်စားတာက အခြေခံဖြစ်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်တဲ့အခါမှာလည်း နည်းလမ်းမှန်ကန်စွာ ပြုလုပ်တတ်ဖို့ လိုအပ်ပါတယ်။ နံနက်ခင်း မျက်နှာသစ်တဲ့အခါမှာ အရင်ဆုံး သွားကိုတိုက်ပြီးမှ မျက်နှာသစ်ပေးပါ။ ခံတွင်းသန့်ရှင်းရေးအတွက် နံနက်တစ်ခါ၊ ညတစ်ခါ သွားတိုက်ပေးဖို့လိုပါတယ်။ လက်ဆေး၊ မျက်နှာသစ်တဲ့အခါမှာလည်း အနည်းဆုံး တစ်မိနစ်ခန့် ဆပ်ပြာနဲ့ သေချာလေး ပွတ်တိုက်ဆေးကြောပေးပါ။ ညဘက်မှာလည်း မိတ်ကပ်လိမ်းထားသည်ဖြစ်စေ မလိမ်းထားသည်ဖြစ်စေ အရင်ဆုံး ဖျက်ပြီးမှ မျက်နှာသစ်ဆေးနဲ့ ဆေးကြောသန့်စင်ပေးပြီးရင်တော့ မျက်နှာသုတ်တဲ့အခါမှာလည်း မျက်နှာသုတ်တစ်ရှူး(သို့မဟုတ်)တာဝါနဲ့ သုတ်ပေးတာက မမြင်ရတဲ့ဖုန်မှုန့်၊ ပိုးမွှားနဲ့ မှိုတွေကြောင့် မျက်နှာအသားအရေ ထိခိုက်ခြင်းကို ကာကွယ်ပေးပါတယ်။ ပြီးရင် Night Cream (သို့မဟုတ်) အစိုဓာတ်ဖြည့်ပေးတဲ့ မျက်နှာလိမ်းခရင်မ် တစ်မျိုးမျိုးကိုလိမ်းပေးပါ။ ခြေထောက်နဲ့ လက်ကိုလည်း သန့်ရှင်းအောင်ထားပြီး ခြေသည်းနဲ့ လက်သည်းတွေ ရှည်နေရင်လည်း သပ်ရပ်စွာ ညှပ်ပေးရပါမယ်။ စီးမယ့်ဖိနပ်ကိုလည်း သန့်ရှင်းအောင် လျှော်ဖွပ်ပြီး ညစ်ပတ်သည်အထိ မစီးသင့်ပါဘူး။ တကယ်လို့ ဆံပင်ရှည်တယ်ဆိုရင် နှစ်ရက်ခြား တစ်ခါလောက် ခေါင်းလျှော်ပြီး ခေါင်းအဆီအရမ်းပြန်တတ်တယ်ဆိုရင်တော့ တစ်ရက်ခြား တစ်ခါ(သို့မဟုတ်)နေ့စဉ် လျှော်ပေးသင့်ပါတယ်။ ဆံပင်အရှည်ဖြစ်စေ၊ အတိုဖြစ်စေ သပ်ရပ်စွာဖြီးလိမ်းပြီး ပျက်စီးနေတဲ့ဆံသားတွေကို ညှပ်ပေးဖို့ လိုအပ်ပါတယ်။ အဝတ်အစားကိုလည်း သန့်ရှင်းစွာလျှော်ဖွပ်သန့်စင်ပြီးတော့ ဖြစ်နိုင်ရင် မီးပူတိုက်ပြီး ဝတ်ဆင်တာက သပ်သပ်ရပ်ရပ်နဲ့ ပိုပြီးကြည့်လို့ကောင်းစေပါတယ်။ **Daisy**



## မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်



**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ မြို့နယ်မြေပြင်လူဦးရေစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ လူဦးရေစာရင်းမှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ဆောက်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁၀ရက် နံနက်ပိုင်းက ချမ်းအေးသာစံအနောက်ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါမြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်တာဝန်ခံများက အိမ်ထောင်စု အမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်ခြင်း ရှိ၊ မရှိ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများစာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှကိုင်ဆောင်ခြင်းမရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့်ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးဇင်ထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်စုလှဲ့ရည်ထွေးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၀၇၂)

## ကိုရီးယား-မြန်မာ ပရောဂျက်ဖြင့် လျှပ်စစ်မီးမရသည့် ကျေးရွာနေပြည်သူများအတွက် မီးဖိုများပေးအပ်ပွဲ ကျင်းပ

**မိုင်းပန် ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၌ လျှပ်စစ်မီးမရသည့် ကျေးရွာနေပြည်သူများ အဆင်ပြေစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိုရီးယား-မြန်မာ ပရောဂျက်ဖြင့် မီးဖိုများပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အဆိုပါ မီးဖိုများပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးကျော်မိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ လျှပ်စစ်မီးမရသည့် ကျေးရွာနေပြည်သူများအတွက် မီးဖို ၁၈၆၉ လုံးအား သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ပြီး အိမ်ထောင်စုတစ်စုလျှင် မီးဖိုတစ်လုံး ကျေးရွာနေပြည်သူများအတွက် ပြန်လည်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။



(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*




## ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ရေနံချောင်း ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကာ မကြာမီရိတ်သိမ်းတော့မည် ဖြစ်သည်။

ကိုင်းမြေများတွင် ကုလားပဲကို ဧရာဝတီမြစ်ရေကျပြီးနောက်ပိုင်း နိုဝင်ဘာလ၊ ဒီဇင်ဘာလ မြေအစိုဓာတ်ရရှိသည့် အခြေအနေပေါ်မူတည်ပြီး စိုက်ပျိုးကြကြောင်း လက်ရှိ ကုလားပဲစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေကာ စိုက်ခင်းများ မကြာမီ ရိတ်သိမ်းမည်ဖြစ်ကြောင်း တောင်သူအချို့ထံက ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက သိရသည်။

ကုလားပဲသီးနှံသည် ပြည်တွင်း၌ စားသုံးသည့်ပဲဖြစ်ပြီး စားသောက်ကုန်လုပ်ငန်းများ၌ အသုံးပြု၍ နှစ်စဉ် အရောင်းအဝယ် တွင်ကျယ်ကာ အကျိုးမြတ်ရရှိနေသဖြင့် တောင်သူများက အဓိက စိုက်ကြသည်။

ရေနံချောင်းမြို့နယ်တွင် ကုလားပဲကို မာန်မြေကျေးရွာ၊ ကျမ်းကိုင်ကျွန်းကျေးရွာ၊ဘူးကျွန်းကျေးရွာ အပါအဝင် ကျေးရွာများ၌ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသည်။

ကုလားပဲစိုက်ပျိုးရာတွင် လျာထားချက်ပြည့်မီရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့် နည်းပညာကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဩဝါဒပါတိမောက် အခါတော်နေ့

* ဩဝါဒပါတိမောက် ဆိုသည်မှာ
တပို့တွဲလပြည့်ခါ
ဗုဒ္ဓမြတ်စွာ တပည့်များ
ဩဝါဒမိန့်ကြား။

* အပါယ်လေးပါး ကင်းစေတာ
ဩဝါဒခေါ်ရာ
အင်္ဂါလေးဖြာ ပြည့်စုံမှ
ပေးမြဲဩဝါဒ။

* ဗုဒ္ဓရှင်တို့ ဟောမိန့်ပြီ
သုံးဂါထာရှိသည်
ခန္တီပရမံ အစဉ်သုံး
နိဗ္ဗာနဓာတ် အမြတ်ဆုံး။

* သဗ္ဗပါပဿ အကရဏံ
...

* သကျထွတ်ဘုန်း တို့မြတ်စွာ
ဆက်လက်ဟောကြားရာ
အကုသိုလ်မှာ ရှောင်ဖယ်ရှား
ကုသိုလ်ဆောင်လို့ ဖြူစိတ်ထား။

* သူတစ်ပါးစွပ်စွဲ ရှောင်လွှဲပါ
ညှဉ်းဆဲမပြုရာ
အစားအစာ တိုင်းတာသိ
အဓိစိတ္တ လုံ့လရှိ။

* မြတ်စွာမုနိ ဟောမိန့်မှာ
ဩဝါဒတော်လာ
လောကမှာ ကျင့်ကြံပွား
ကောင်းကျိုးမြတ်တရား။ ။

ရွှေမင်းသား(စစ်ကိုင်း)

## သတင်းပဒေသာ

### ပညာရည်ချွန်ဆုပေးပွဲနှင့် ဆရာကန်တော့ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပါရမီပညာရိပ်သာ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဆရာကန်တော့ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၅)ရပ်ကွက်ရှိ မြို့နယ်ခန်းမတွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ အထက-ခွဲ လွယ်ယင်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်တင်တင်လှ၊ ပါရမီပညာရိပ်သာတည်ထောင်သူ ဒေါ်သက်မာဦးနှင့် တာဝန်ရှိသူများက ဗဟိုအဆင့်နှင့် မြို့နယ်အဆင့် လူရည်ချွန်ဆုရရှိသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တစ်နှစ်တာပညာသင်ဆုရရှိသူများ၊ ပညာရည်ချွန် ထူးချွန်ဆုများနှင့် ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မီးခိုးမြူငွေ့လျှော့ချရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်သစ်တောဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ထိန်ထမ်ကျေးရွာခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီးမှူး ဦးရန်ပိုင်ထွန်းက အသိပညာပေးဟောပြောရှင်းလင်းခဲ့သည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းလင်းထိုက်က ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် အိမ်တိုင်းအိမ်တိုင်း မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေပုံးများဆောင်ထားကြရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးအကြောင်းအရာများ ရှင်းလင်းဟောပြောခဲ့ပြီး ကျေးရွာနေပြည်သူများမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)ရပ်ကွက်၊ ရွှေစေတီဘုရားဝင်းအတွင်း ကျင်းပခဲ့သည်။

အဆိုပါ ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်၍ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမပွဲစဉ်အဖြစ်(S.S.D.C)အသင်းနှင့် (Hmoob)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

ထိုသို့ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အားကစားပွဲများ ကျင်းပရာတွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်၊ သံပုံးရိုက်၊ ရေလျှောပြိုင်ပွဲတို့ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### (Community Centre) ခန်းမ၌ စာဖတ်ဝိုင်းကျင်းပ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့ (Community Centre)ခန်းမ၌ ဖွဲ့(ပညာရေး)နှင့် အခြားကလောင်ရှင်များရေးသားသည့် သုံးနားညီတြိဂံစာအုပ်ဖြင့် ယမန်နေ့ နေ့လယ် ၁ နာရီတွင် စာဖတ်ဝိုင်းကျင်းပခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းသို့ Book Club အသင်းဝင်များ တက်ရောက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိအိဖြိုးက အဆိုပါ သုံးနားညီတြိဂံစာအုပ်မှ လူငယ်ရေးရာ အသိပညာပေးဆိုင်ရာနှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးပြောကြားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေတိဂုံအမြွာစေတီတော်ဌာပနာပိတ်ပွဲနှင့် ရွှေထီးတော်တင်လှူပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ဘူးကွဲကုန်းတော်တွင် တည်ထားကိုးကွယ်သော ရွှေတိဂုံအမြွာစေတီတော်၊ စပ်မွန်းလတ်(စောမွန်လှ) စပ်ခွန်နောင်(စောခွန်နောင်)အမြွာစေတီဌာပနာပိတ်ပွဲနှင့်ထီးတော်တင်လှူပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၇နာရီက အဆိုပါကုန်းတော်ပေါ်တွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

ရွှေတိဂုံအမြွာစေတီတော်ဌာပနာပိတ်ပွဲနှင့် ရွှေထီးတော်တင်လှူပွဲသို့ ဘေးကင်းရန်လုံအောင်ချမ်းသာဆုတောင်းပြည့်နဂါးရုံဘုရားဩဝါဒါစရိယ ဆရာတော်နှင့် အလှူရှင်များ၊ သုခတော်ဝင်အိမ်ရာမိသားစုများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် အမြွာစေတီအတွင်းရတနာပစ္စည်းများထည့်သွင်းဌာပနာပိတ်သွင်းပူဇော်သည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ရွှေတိဂုံအမြွာစေတီ ထီးတော်တင်လှူပွဲကို ဆက်လက်ကျင်းပပြီး ဘေးကင်းရန်လုံအောင်ချမ်းသာ ဆုတောင်းပြည့်နဂါးရုံဘုရား ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်ခဲ့သည်။ ထို့နောက် ရွှေတိဂုံအမြွာ စေတီဌာပနာပိတ်ပွဲနှင့် ရွှေထီးတော်တင်လှူပွဲ အောင်ပွဲအဖြစ် တက်ရောက်လာသူများအား စတုဒိသာကျွေးမွေးပြီး ရှမ်းအိုးစည်အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝသူမြတ်ထံမှ ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် မန္တလေးမြို့ နန်းတော်ရှေ့နေ(သမီး)ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်မမ၊ ဦးသန်းထွန်း+ဒေါ်ဆန်းဆန်းကြည် မိသားစုကဖခင် ဦးခင်မောင်၊ မိခင် ဒေါ်တင်မြတ်တို့အား ရည်စူး၍ ယခင်လှူဒါန်းပြီး ငွေကျပ် ၂၅ သိန်း ဖြည့်စွက်လှူဒါန်းငွေကျပ် ၂ သိန်း စုစုပေါင်း ငွေကျပ် ၂၇ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့. တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၃၆)**




## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၁**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရှိ ၆၁၁၈ စားသောက်ခန်းမတွင် ကျင်းပရာ ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀နေ ဦးမောင်မောင်မြင့်(၈၇ ခုနှစ်ပထဝီဝင်)ကောင်းမြတ်ကုမ္ပဏီမိသားစုက ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်(၂၃-၅-၂၀၂၃)ရက်မှစ၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၃၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ် ၅၈၁ သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ် သိန်း ၃၂၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



## ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၂/၂၀၂၅)လပတ်အစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၁/၂၀၂၅)လပတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက် နေ့လယ် ၁ နာရီမှ ညနေ ၃ နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၂ လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ အဆိုပါအသင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဥက္ကဋ္ဌပါမောက္ခဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးက ဆောင်ရွက်ပြီး ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာငြိမ်းငြိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မျက်စိခွဲစိတ်ကုသမှုများ၊ သဘာဝဘေးကူညီမှုများ၊ နာရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက အလှူငွေရရှိမှုများ၊ ရသုံးငွေစာရင်းနှင့် ဆေးပစ္စည်းဝယ်ယူမှုများကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် တက်ရောက်လာသော အသင်းအလုပ်အမှုဆောင်များက ကဏ္ဍအလိုက် ရှေ့လုပ်ငန်းစဉ်များတင်ပြကြပြီး အသင်းဥက္ကဋ္ဌက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

မျက်စိ

လှူကြ

မျက်ကြည်ရ၊

မြတ်သည့်

လှူဒါန။

# သမိုင်းတစ်ခေတ်ကျော် ပြည်ထောင်စုနေ့

ကျွန်တော်တို့ငယ်စဉ် ဟိုယခင်က နှစ်စဉ် ထာဝရ ပျော်ရွှင်ခဲ့ရသည့် 'ပြည်ထောင်စုနေ့' ဆိုသော ရက်မြတ်မင်္ဂလာ ရောက်ရှိ၍ လာပြန်ပါပြီ။ ယခုနှစ် ၁၃၈၆ခု တပို့တွဲလပြည့်ကျော်၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်သည် မြန်မာနိုင်ငံတွင်း ရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ် မှုကို ပြသသော (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကြီးပင် ဖြစ်ပေသည်။ ပြည်ထောင်စုနေ့သည် မြန်မာတို့၏ အထွတ်အမြတ်ထားရာ ပွဲတော် တစ်ခုအဖြစ် ကျက်သရေမင်္ဂလာရှိစွာ ရပ်တည်၍ နေသော နေ့ထူးနေ့မြတ်တစ်ခုဟုလည်း ခေါ်ဆို ထိုက်ပေသည်။ ထို့ပြင် ယခုနှစ်တွင် မြန်မာတို့၏ စုပေါင်းဦးဆောင်မှု၊ တစ်ဦးချင်းစီတာဝန်ခွဲဝေ ယူမှုစသည့် စည်းလုံးညီညွတ်မှု၏ သရုပ်သဏ္ဌာန် ဖြစ်သည့် မြန်မာတို့ရိုးရာဓလေ့ ထမနဲပွဲတော် ရက်နှင့်ပါ တိုက်ဆိုင်နေသဖြင့် ပြည်ထောင်စု၏ အသွင်သဏ္ဌာန်၊ ထမနဲပွဲတော်၏အသွင်သဏ္ဌာန် တို့ ထပ်တူကျသောနေ့ဖြစ်နေသဖြင့် အလှတွင် အယဉ်ဆင့် တင့်သည်ထက် တင့်လှပေသည်။

ကျွန်တော်တို့ငယ်စဉ်က ပြည်ထောင်စုနေ့ မရောက်ခင် ပြည်ထောင်စုအလံ လွှင့်လည်သည် နေ့မှစ၍ ကျွန်တော်တို့ ပျော်ရွှင်ခဲ့ကြသည်။ အနယ်နယ်အရပ်ရပ် တစ်နိုင်ငံလုံး ပျော်ပွဲရွှင်ပွဲ များနှင့် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ အလေးအမြတ်ပြုကြသည်။ ဇာတ်ပွဲ၊အငြိမ့်ပွဲများ နှင့် ပစ္စည်းမျိုးစုံရောင်းဝယ်ရေး၊ စားစရာအစုံတို့ ခင်းကျင်းကြသဖြင့် ပျော်ရွှင်စရာအလွန်ကောင်း ပါသည်။ ယနေ့ထက်တိုင်သာ မမေ့ရက်နိုင်စရာ ပြည်ထောင်စုနေ့ကြီးပင် ဖြစ်ပါသည်။

ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ ရေးသား ဖော်ပြရလျှင် ကုန်နိုင်ဖွယ်မရှိသော သမိုင်းကြောင်း ဖြစ်စဉ်များ ဒုနှင့်ဒေးရှိပါသည်။သို့သော် ထိုသည် များထဲမှ အနည်းငယ်မျှသာ ရွေးချယ်တင်ပြလို ပါသည်။ ဖြစ်ပေါ်ရရှိလာသမျှ အကျိုးတရားတို့ သည် အကြောင်းတရားကင်း၍ မဖြစ်စကောင်း ပါ။ ထိုသို့သော အဆက်အစပ်အရ သူ့ကျွန်ဘဝ၊ လွတ်လပ်သည့်ဘဝ၊ ပြည်ထောင်စုစိတ်ဓာတ်ဆို သော ကဏ္ဍသုံးခုကို ခြုံငုံသုံးသပ်မှသာ ပြည် ထောင်စုနေ့၏ အနှစ်သာရများ ပေါ်လွင်ထင်ရှား မှာ ဖြစ်ပါသည်။

ယနေ့ခေတ် မြန်မာနိုင်ငံတော်သည် ပြည်သူ တို့၏အချုပ်အခြာအာဏာ အခွင့်အလမ်းများသည် ပြည်သူတို့၏လက်ဝယ်တွင် လွတ်လပ်စွာပိုင်ဆိုင် ထားသည့် 'ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး' အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည် လာခဲ့သည်မှာ (၇၈)နှစ်ပင် ရှိပြီဖြစ်ပါသည်။

လွတ်လပ်သောခေတ်ကာလတွင် လူလား မြောက်လာကြသော မျိုးဆက်သစ်လူငယ်များ အနေဖြင့် လွတ်လပ်ခြင်း၏အရသာ၊ လွတ်လပ် ခြင်း၏တန်ဖိုး၊ လွတ်လပ်ခြင်း၏အနှစ်သာရတွေ ကို သိရှိနားလည် သဘောပေါက် တန်ဖိုးထား သင့်သလို၊ ယခင်သူ့ကျွန်ဘဝ ရောက်ခဲ့ရစဉ်က မြန်မာတိုင်းရင်းသားမျိုးနွယ်စုများအပေါ် နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေး၊ဘာသာရေး၊ပညာရေး ပါမကျန် အဖိနှိပ်ခံကာ မိမိတို့ပိုင် သယံဇာတ များကိုပင် သူတို့စိတ်တိုင်းကျ ကုပ်သွေးစုပ် အမြတ်ထုတ်ခံ၊ မတရားအုပ်ချုပ်ခံခဲ့ရသည့် ဘဝ များအတွက် ဘက်ပေါင်းစုံမှ ခါးသည်းရင်နင့်ဖွယ် ကောင်းလှသည့် ဖြစ်ရပ်များကိုလည်း မေ့ပျောက် မထားသင့်ပေ။

ရှေးယခင်က မြန်မာနိုင်ငံတော်ကြီးသည် 'ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်' ဆိုသော ရှေးမြန်မာမင်းများသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် တစ်ထီးတစ်နန်း စိုက်ထူစံမြန်းကာ ခေတ်အဆက်ဆက် အေးချမ်း သာယာစွာ နေလာခဲ့ကြသည့် မျိုးနွယ်စုများပါ။ ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုး၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ဂီတ၊ အနုပညာ၊ ကိုယ့်ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများ ကိုယ်ပိုင်ရှိသည့်အပြင် မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝစွာ ပိုင်ဆိုင်ကြသူများပါ။ တိုင်းပြည်အုပ်ချုပ်ရေး စွမ်းရည် ၇ ရပ်နှင့်လည်း ပြည့်မောက်ကြသည့် အပြင် စစ်ရေးစွမ်းရည်မှာဆိုလျှင်လည်း လွန်စွာ ထက်မြက်ကြသဖြင့် အိမ်နီးချင်းနိုင်ငံများကပင် လေးစားဂုဏ်တင်ကြရသည်။ မိမိတို့အပေါ် ရန်စ လာလျှင်လည်း ခေါင်းငုံ့မခံ လက်တုံ့ပြန်တွန်းလှန် ချေမှုန်းခဲ့ကြသည်ချည့်ဖြစ်သည်။ မျိုးချစ်စိတ်နှင့် စည်းလုံးညီညွတ်မှုစွမ်းအား အမြဲတစေ ရှင်သန် ဖွံ့ထွားနေချိန်က ဖြစ်သည်။ ထိုသို့နေလာခဲ့ကြရာမှ ကုန်းဘောင်မင်းဆက်နောက်ပိုင်း ဘကြီးတော်မင်း လက်ထက်တွင် နယ်ချဲ့ကိုလိုနီတို့သည် ၁၈၂၄ခုနှစ် ၌ 'အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ' ဒုတိယ အမရပူရ ပုဂံမင်းလက်ထက် ၁၈၅၂ခုနှစ်တွင် 'အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ' နောက်ဆုံး ၁၈၈၅ခုနှစ် ရောက်လာ သောအခါ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံး မင်းဆက်ဖြစ်သော သီပေါမင်းလက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မုသားစကားများနှင့် လှည့်ဖြားကာ ပရိယာယ်မာယာသုံး၍ 'အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ' ဆင်နွှဲလျက် မြန်မာ တစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြုခြင်း ခံခဲ့ရသည်။ ဤသို့ဖြစ်ရပ်ကို သုံးသပ်လျှင် ပြည်ထောင်စု စိတ်ဓာတ် လျော့နည်းခြင်း၊ အချင်းချင်း သွေးစည်း ညီညွတ်မှု အားနည်းခြင်းတို့ကို တွေ့ရပေမည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်သူ အားလုံး တစ်စည်းတစ်လုံးတည်းရှိနေမှုနှင့် နိုင်ငံ တော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညွတ်စွာအားထုတ်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ထို့ပြင် အစဉ်စောင့်ရှောက်ခြင်းဆိုသည့် 'ဝံသာနု ရက္ခိတ'တရား ထွန်းကားဖို့လည်း လိုအပ်ပါသည်။ ထိုသည်သာမက တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်ဦးပေါ်တစ်ဦး ညာတာထောက်ထား ကိုယ်ချင်း စာတရား ဗြဟ္မစိုရ်တရားကိုလည်း လက်ကိုင် ထားရပေမည်။ နိုင်ငံသူ၊ နိုင်ငံသားတို့သည် စစ်မှန် သောမျိုးချစ်စိတ်တို့လည်း ကိန်းအောင်းနေရပါ မည်။ မျိုးချစ်စိတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိ လူမျိုး၊ မိမိဘာသာ၊ မိမိစာပေ၊ မိမိယဉ်ကျေးမှုများ ကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကို အထိမခံသည့်စိတ်ပင် ဖြစ်သည်။

ထိုသည်များ အားနည်းလာသောကြောင့် သူ့ ကျွန်ဘဝရောက်ခဲ့ရသည်။ သို့သော် မြန်မာတို့သည် အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း အရင်းရှင် နယ်ချဲ့တို့ကို လွယ်လင့်တကူ အရှုံးပေးခဲ့သည်တော့ မဟုတ်ပေ။ အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ် ဖြင့် မျိုးချစ်သူရဲကောင်းတို့သည် ရရာလက်နက် စွဲ ကိုင်၍ နေရာဒေသအနှံ့ တော်လှန်ခဲ့ကြပါသည်။ လက်နက်အင်အားမမျှတခြင်း၊ စည်းလုံးညီညွတ်မှု အားနည်းကာ နေရာဒေသခွဲ၍ တိုက်ပွဲဝင်တော်လှန် ကြခြင်းကြောင့် ထင်သလောက် ခရီးမပေါက်ဘဲ ရှိခဲ့ရသည်။

မြန်မာတိုင်းရင်းသားမျိုးနွယ်စုတို့သည် လွတ်လပ်ရေးကျရှုံးခဲ့ရသည်မှာ စည်းလုံးညီညွတ်ရေး အားနည်းမှုကြောင့်ဟု သိရှိလာသောအခါ တိုင်းရင်း သားများစုစည်းမှုကို အခြေပြုဖန်တီးနိုင်ရန် ၁၈၉၇ခုနှစ်တွင် 'ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်း'၊ ၁၉၀၆ခုနှစ်တွင် 'ဗုဒ္ဓဘာသာကလျာဏယုဝအသင်း'၊ ၁၉၃၀ပြည့်နှစ်တွင် 'အမျိုးသားကျောင်းများ'၊ 'ကျောင်းသားသပိတ်များ' (YMBA-GCBA) စသည့်နိုင်ငံရေးအသင်းများ၊ ဖွဲ့စည်းကာ နယ်ချဲ့ တော်လှန်ရေးအတွက် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံ၊ ရေနံမြေ သပိတ်၊ သခင်ဖိုးလှကြီး ခေါင်းဆောင်သော ၁၃၀၀ပြည့်အရေးတော်ပုံ အလုပ်သမားသပိတ် တိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။ သို့သော် နယ်ချဲ့ တို့၏ လက်နက်အားကိုးသော စစ်နည်းဗျူဟာ တို့ကြောင့် အရာမရောက် ဖြစ်ခဲ့ကြရသည်။

နယ်ချဲ့အင်္ဂလိပ်တို့ကို လက်နက်ကိုင်တော်လှန် မှသာ လွတ်လပ်ရေးရနိုင်မည့်အကြောင်း နားလည် လာသည့်အခါ နယ်ချဲ့တို့အား ပြန်လည်တော်လှန် နိုင်ရေး နည်းလမ်းရှာဖွေကြရသည်။ ထို့ကြောင့် ဖက်ဆစ်ဂျပန်တို့နှင့် အဆက်အသွယ်ရကာ မျိုးချစ် လူငယ် အယောက် ၃၀ တို့သည် တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ကျွန်း၌ စစ်ပညာသင်ကြားပြီး တရုတ်နိုင်ငံကအပြန် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ တွင် ၁၉၄၁ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၌ 'ဗမာ့ လွတ်လပ်ရေးတပ်မတော်'ကို ဖွဲ့စည်းကာ ဂျပန် တို့နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းမှ အင်္ဂလိပ် နယ်ချဲ့တို့ကို တိုက်ထုတ်ကြပါတော့သည်။သို့သော် လည်း ဂျပန်တပ်တို့သည် မြန်မာနိုင်ငံ မော်လမြိုင် မြို့ကို သိမ်းပိုက်ပြီးလျှင် လွတ်လပ်ရေးပေးမည် ဆိုသော ကတိစကားကို အလေးမထားဘဲ ၁၉၄၂ ခုနှစ်၊ ဧပြီလတွင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက် ပြီးသော်လည်း လွတ်လပ်ရေးပေးမည့်ကိစ္စ လျစ်လျူ ရှု၍ မသိသယောင်ဆောင်ခဲ့ကြသည်။ လွတ်လပ်ရေး ဟုဆိုကာ ပေးပြန်သော်လည်း ရွှေရည်စိမ်အတုသာ ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း မြန်မာ့တပ်မတော် သည် ပြည်သူတစ်ရပ်လုံးနှင့်အတူ ၁၉၄၅ခုနှစ် မတ်လ ၂၇ ရက်တွင် မဟာမိတ်တပ်များနှင့် ပူးပေါင်းကာ ဖက်ဆစ်တော်လှန်ရေး စတင်ရပါ တော့သည်။ ဖက်ဆစ်တပ်များ ဆုတ်ခွာသွားပြန် တော့ အင်္ဂလိပ်တို့သည် ဒုတိယအကြိမ် အုပ်ချုပ် ပြန်ပါသည်။ မြန်မာတို့သည် လွတ်လပ်ရေးရရန် ဆက်လက်ကြိုးပမ်းကြရာ ၁၉၄၇ခုနှစ်၊ ဇန်နဝါရီ ၂၇ရက်တွင် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆို နိုင်ခဲ့သည်။ ထိုစာချုပ်တွင် 'ပြည်မနှင့်တောင်တန်း ဒေသများ ပူးပေါင်းရန်' ဆိုသောအချက် ပါဝင်နေ သည်။အင်္ဂလိပ်တို့၏ အုပ်ချုပ်ရေးနည်းပရိယာယ် ကြွယ်ဝမှုကြောင့် တိုင်းသားအချင်းချင်း သွေးခွဲ အုပ်ချုပ်ခဲ့ကြသဖြင့် တောင်တန်းဒေသကို ချန် လှပ် ထားချင်ကြသည်။ ထို့ကြောင့် ဗိုလ်ချုပ် အောင်ဆန်းနှင့် မျိုးချစ်ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံကို သွားရောက်၍ 'တောင်တန်း၊ ပြည်မ' မခွဲခြားဘဲ လွတ်လပ်ရေးပေးရန် အရေးဆို ကြပါသည်။ ထို့ကြောင့် တောင်တန်း၊ ပြည်မ စည်းလုံးညီညွတ်မှုကို ပြသရန် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ရှမ်းပြည်နယ် တောင်ပိုင်း၊ ပင်လုံမြို့တွင် 'ပင်လုံညီလာခံကြီး' ကျင်းပ၍ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မျိုးချစ်ကိုယ်စားလှယ်အဖွဲ့နှင့် တောင်တန်းဒေသ ကိုယ်စားလှယ် ၂၃ ဦးတို့သည် 'တောင်တန်းဒေသ များနှင့်ပြည်မ ပူးပေါင်းကြောင်း' သဘောတူ စာချုပ်ကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက် တွင် အချက်ကိုးချက်ပါဝင်သည့် 'ပင်လုံစာချုပ်' ကို လက်မှတ်ရေးထိုး၍ အောင်မြင်စွာ ချုပ်ဆို နိုင်ခဲ့ပါသည်။ ထိုပင်လုံစာချုပ်ကြောင့် အင်္ဂလိပ် အစိုးရသည် ပြည်မနှင့်အတူတူ တောင်တန်း ဒေသကိုပါ လွတ်လပ်ရေး ပေးခဲ့ရပါသည်။ ထို့ကြောင့်လည်း ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာ ပိုင်ဆိုင်သော မြန်မာနိုင်ငံတော် အဖြစ် ကမ္ဘာ့အလယ် ဝင့်ထည်ခဲ့ရသည်။

'ပင်လုံစာချုပ်' ချုပ်ဆိုသော ထိုနေ့ကို အကြောင်းပြု၍ စည်းလုံးညီညွတ်သောနေ့ 'ပြည်ထောင်စုနေ့'ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ထိုသို့ မိမိတို့၏ အချုပ်အခြာအာဏာကို မိမိတို့ လက်ဝယ်တွင် လွတ်လပ်စွာပိုင်ဆိုင်ရသော ချို မြိန်လှသည့် လွတ်လပ်မှု အသီးအပွင့်အရသာများ သည် ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ်မှုအင်အား စွမ်းပကားဖြစ်သည့် 'ပင်လုံစာချုပ်'ချုပ်ဆိုနိုင်သည့် 'ပြည်ထောင်စု နေ့'၏ ကောင်းကျိုးရလဒ်များကြောင့် ဖြစ်ပေ သည်။

အချုပ်ဆိုရသော် တိုင်းပြည်၏ အချုပ်အခြာ သည် ပင်လုံစာချုပ်ကြောင့် ပင်လုံစာချုပ်သည် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်မှုကြောင့် ဟု ဆိုရပေမည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် အထွတ်အမြတ်ထား အပ်သော၊ လွတ်လပ်၍ တရားမျှတသော အချုပ် အခြာအာဏာကို ဆက်လက်၍ တည်တံ့နိုင်မြဲ နေအောင် တိုင်းရင်းသားညီနောင်များ၏ စည်းလုံး ညီညွတ်မှုဖြင့် ဖော်ဆောင်ကြရမည် ဖြစ်သည်။ ယခင်ကဖြစ်ပျက်ခဲ့ရသည့် မကောင်းသော အနိဋ္ဌာရုံများကို သင်ခန်းစာယူကာ ယခု (၇၈)နှစ် မြောက်ဖြစ်သော 'ပြည်ထောင်စုနေ့'မှစ၍ တိုင်းရင်းသားမျိုးနွယ်စုများ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်သော၊ အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်အောင် နိုင်ငံရေးသတိရှိစွာ အမျိုးသားရေး စိတ်ဓာတ် များဖြင့် ဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း (၇၈)နှစ်မြောက် 'ပြည် ထောင်စုနေ့'ကို ဂုဏ်ပြုလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

# သတိပြုဖွယ် သတင်းနယ်ပယ် (၁၆)

သတင်းစာတိုင်းစာနယ်ဇင်းတိုင်းသည် အများပြည်သူ၏ ထင်မြင်ချက်၊ ဝေဖန်သုံးသပ်ချက် ခံစားချက်များကို ဖော်ထုတ်ရာ Forum များဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် ပြည်သူတို့၏ နေ့စဉ်ဖြစ်ပျက် တိုးတတ်ပြောင်းလဲနေသော သမိုင်းကို မှတ်တမ်းတင်နေခြင်းဟု ဆိုရမည်ဖြစ်သည်။ ခေတ်တစ်ခု၊ စနစ်တစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏သမိုင်းဖြစ်ပေါ်တိုးတတ်ပြောင်းလဲလာမှုကို လေ့လာလိုလျှင် သင်ခန်းစာရယူလိုလျှင်၊ သိရှိမှတ်သားလိုလျှင်၊ သတင်းစာ၊ စာနယ်ဇင်းများက အမြဲတစေပြန် ပြောင်းပြောပြနေသည်သာ ဖြစ်သည်။ ထို့ကြောင့် စာနယ်ဇင်းစာစောင်များ၊ သတင်းစာများသည် မည်မျှဟောင်းသွားသည်ဖြစ်စေ၊ ပျက်စီးပျောက်ပျက်၊ ဖျောက်ဖျက်ပစ်ကောင်းသောအရာမဟုတ်ဟု ဆိုချင်ပေသည်။ တစ်ချိန်က ဗြိတိသျှ နန်းရင်းဝန်စာရေးဆရာ ဘင်ဂျာမင်ဒစ္စရေလီက ပညာရှင်တို့၏အသိပညာများနှင့် သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများကို အဆိုအမိန့် (ကောက်နုတ်ကိုးကားချက်)တို့ဖြင့် ထိန်းသိမ်းဆက်ခံနိုင်ပေသည်"ဟု ဆိုထားခဲ့သည်။ ထို့ကြောင့် စာနယ်ဇင်းဆိုင်ရာ သတင်းစာဆိုင်ရာ အဆိုအမိန့်တို့ကို လေ့လာသိရှိထားသင့်သည်သာ ဖြစ်သည်။ မြန်မာ့စာနယ်ဇင်းမှ ထုတ်နုတ်ထားသော အဆို အမိန့်များကို လေ့လာခြင်းဖြင့် သတင်းနယ်ပယ်ကို စိတ်ဝင်စား သတိပြုမိလာစေနိုင်သည်။

ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းလျှင် မိဖုရားတွေကိုရေး၊ ငါ့သားသမီး မကောင်းလျှင် သားသမီးကိုရေး၊ လွှတ်တရားသူကြီးမကောင်းလျှင် တရားသူကြီးကိုရေး၊ မြို့ဝန်မကောင်းလျှင်မြို့ဝန်ကိုရေး၊ မင်းတို့သတင်းစာ၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ။

(မင်းတုန်းမင်း ၁၁၇၆-၁၂၄၀ ရတနာပုံသတင်းစာသို့ မိန့်ကြားချက်)

သတင်းစာတွေကိုလည်း ပြောလိုက်မယ်။ ဒီအစိုးရလက်ထက်နဲ့ အခြားအစိုးရလက်ထက် နှိုင်းယှဉ်ကြည့်စေချင်တယ်။ ကျုပ်တို့ဘယ်လို အစိုးရလဲဆိုတာ သိစေချင်တယ်၊ ကျုပ်တို့ကိုထောက်ခံချင်လည်းထောက်ခံ၊ အားပေးချင်လဲ အားပေးအတိုက်အခံဝေဖန်ချင်တဲ့ သတင်းစာလဲဝေဖန်၊ သဘောအတိုင်းလဲ၊ ဆိတ်လစေ့သတင်းစာလုပ်ချင်လုပ်ကြ၊ သို့သော်အစိုးရကို အကြည်ညိုပျက်စေတဲ့စကားမျိုး၊ တိုင်းပြည်ဆူပူလှုပ်ရှား စေမဲ့စကားမျိုး၊ မဟုတ်မမှန်လိမ်လည်လှည့်ဖြား ရေးတဲ့ဟာမျိုးတွေသည်းခံမယ် မဟုတ်ဘူး။

(ဗိုလ်ချုပ်အောင်ဆန်း ၁၈-၄-၄၇)

သတင်းထောက်တွေကကောင်းတဲ့ သတင်းတွေရော၊ မကောင်းတဲ့သတင်းတွေကိုပါ စုဆောင်းကြရမယ်။ အယ်ဒီတာအဖွဲ့က ဒီသတင်းတွေအပေါ်မှာ အကဲဖြတ်တာတွေလုပ်ရမယ်။ ဒီနေရာမှာ တာဝန်ရှိသူက ကိုယ့်ထိမှာစိုးလို့ (သတင်း)ပိတ်တာတွေလဲ ရှိတယ်။ တတိုင်းတပြည်လုံးအရေးမို့ ပိတ်တာဆိုရင် တော့ကိစ္စမရှိဘူး၊ တစ်ဦးတစ်ယောက်အကျိုးကို ကာကွယ်လိုလို့ ပိတ်တာဆိုရင်တော့ မမှန်ဘူး---။ ကြောက်ရမယ့်အင်အားစုကိုကြည့်ပြီး ပိတ်တာမျိုးဆိုရင် မကောင်းဘူး၊ လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ ပတ်သက်လာရင် လူမဆန်တာမျိုးဆိုရင် မကောင်းဘူး၊ လူ့အဖွဲ့အစည်း တစ်ခုလုံးနဲ့ပတ်သက်လာရင် လူမဆန်တာမျိုး ယုတ်ယုတ်မာမာ လုပ်ရင် (သတင်း)ထည့်ရမယ်။

(ဗိုလ်ချုပ်နေဝင်း ၂၀-၅-၆၆)

ကျွန်တော်တို့ကိုလည်းအားမနာနဲ့၊ ကျွန်တော်တို့ မှားတာရှိရင်ရေးသားရေးပါ ဆရာကြီး။

(ဗိုလ်ချုပ်ကြီးနေဝင်း လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ်ဆရာကြီး ရွှေဥဒေါင်းအား ပြောဆိုချက် ၁-၁၀-၆၃)

ခေတ်မီသတင်းစာပညာကိုတတ်မြောက်ရုံနဲ့ပြီး ပလားဆိုတော့ မပြီးသေးပါဘူး ဒီပညာကိုလက်နက် သဖွယ်ကိုင်တွယ်အသုံးချမဲ့ ပုဂ္ဂိုလ်တွေကလဲ ခံယူချက်ရှိပြီး တာဝန်သိသိ အသုံးချရေးသားသွားကြဖို့ အလွန်အရေးကြီးပါတယ် ခံယူချက်မရှိဘူး တာဝန်မသိဘူးဆိုရင် ကိုယ်တတ်ထားတဲ့ပညာဟာ တိုင်းပြည်အတွက် အကျိုးမရှိတဲ့အပြင် တိုင်းပြည်ကိုတောင် အန္တရာယ်ပြုနိုင်ပါတယ်။ ဒါကို ကျွန်တော်အကျယ်ချဲ့ မပြောလိုပါဘူး တိုင်းပြည်ကအသိပဲ ဖြစ်ပါတယ်။ ဒီတော့သတင်းစာဆရာတွေဟာ ခံယူချက်ရှိပြီး တာဝန်သိတတ်ဖို့ အထူးပဲအရေးကြီးပါတယ်--- ဒီလိုခံယူချက်တွေပြည့်ဝလာမယ် တာဝန်တွေ သိလာမယ်ဆိုရင် သတင်းစာဆရာတွေဟာ ကျွန်တော်တို့ရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် စည်း ရုံးရေးမှူးတွေ၊ အမြင်မှန်နဲ့လုပ်ငန်းတွေ အောင်မြင်အောင် လှုံ့ဆော်ပေးတဲ့ လှုံ့ဆော်ရေးမှူးတွေ သတင်းမှန်ကို အမှန်အတိုင်း လုပ်သား ပြည်သူတွေသိရှိအောင်လုပ်ပေးတဲ့ သတင်းဖြန့်ချိရေးမှူးတွေ ဖြစ်လာကြလိမ့်မယ်။"

(ဗိုလ်မှူးချုပ်သောင်းဒန် ၆-၁၂-၆၇)

စာနယ်ဇင်းများသည် လုပ်သားပြည်သူများအတွက် မရှိမဖြစ် အရေးပါသော လူထုဆက်သွယ်ရေးကိရိယာတစ်ခု ဖြစ်သည်။ စာနယ်ဇင်းများသည် မျက်မှောက်ခေတ်၏ ကြေးမုံဖြစ်၍၊ နောက်တစ်ခေတ်အတွက် သမိုင်းမှတ်တိုင်ဖြစ်သည်။ စာနယ်ဇင်းများသည် လုပ်သားပြည်သူများ၏ ဉာဏ်ပညာဖွံ့ဖြိုးရေး၊ အသိဉာဏ်တိုးတတ်ရေး၊ ဗဟုသုတ ကြွယ်ဝရေးအတွက် အထောက်အကူဖြစ်သည်။

(စာနယ်ဇင်းသမိုင်းကော်မတီ ၁၉၇၄)

ဘဝသည်လည်းကောင်း၊ ဖြစ်ရပ်များသည်လည်းကောင်း သတင်းစာများတွင် ပကတိအတိုင်း ထင်ဟပ်နေမည်သာဖြစ်၏။

(ပါတီရေးရာသတင်းစဉ် ၁၉၆၆)

သတင်းစာဆိုတာဘာလဲ။ ဝါဒဖြန့်စာရွက်လား "မှန်ပ့ါဘုရား"၊ ဆံတော်ဦးတင်လွှာလား၊ "ဖောင်းတော်ညိတ်၊ စိတ်တော်သိဘုန်းတော်ဘွဲ့စာတန်းလား၊ "အားလုံးကောင်းပါသည်ခင်ဗျား အစီရင်ခံစာလား၊ ခိုင်းရာရေး၊ ပေးရာထုတ်ပြန်သည့် ပြန်ကြားရေးစာစဉ်လား၊ လက်ညှိုးညွှန်ရာရေ ဖြစ်ချင်သူတို့၏ ဖောင်တော်စီးလက်မှတ်လား။

အာဏာနှင့်ငွေကိုရေလိုသုံးကာ ကိုယ်ကျိုးရှာသူ၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒရေးဖောက်ပြန်သူ၊ အာဏာနှင့် အခွင့်အရေးအလွဲသုံးသူတို့၏ အသိပျက်မှု၊ အကျင့်ပျက်မှု၊ တာဝန်ပျက်မှု၊ စည်းကမ်းပျက်မှု၊ ယုံကြည်ချက်၊ ခံယူချက် ရပ်တည်ချက်ပျက်မှုများကို ဖုံးကွယ်ပေးသည့် စက္ကူကန့်လန့်ကာလား။

အမှန်တရားသာရှိတရား၊ အဖြစ်တရားများကိုပိတ်တဲ့၊ တားတဲ့၊ ဆီးတဲ့၊ လျှို့ဝှက်တဲ့နှင့်သတင်း ထောက်တကောက်ကောက်လိုက်ခြင်း၊ သတင်းစာက တစာစာရေးခြင်းကို မခံနိုင်၊ မရပ်နိုင်ဖြစ်ကာ ပြည်သူတို့ကို နားမျက်စိပိတ်ပြီး အကြံတုန်း ဉာဏ်တုန်း၊ နလပိန်းတုန်းများဖြစ်အောင် ပြုလုပ်ရာ၌ အသုံးပြုသည့် စက္ကူမျက်နှာဖုံးလား--- အမည်းကို အဖြူမလုပ်၊ အမှန်တရားကိုမဖုံးအုပ်၊ ပြည်သူ့ထင်မြင်ယူဆချက်များကို မနှောင်ချုပ်ဘဲ ပြည်သူကိုအသိပညာပေး၊ ပြည်သူကိုစည်းရုံး၊ ပြည်သူကို လှုံ့ဆော်ပြည်သူနှင့် အစိုးရကြား ပေါင်းကူးပေးသည့် ပြည်သူ့ဆက်သွယ်ရေးယန္တရားကြီး၊ ပြည်သူ့မဏ္ဍိုင်ကြီး၊ ပြည်သူ့အာဘော်ကြီးလား။

(ဟံသာဝတီသတင်းစာ ၉-၁၀-၇၄)

စာနယ်ဇင်းတို့သည် လူမှုအဖွဲ့အစည်းတိုင်း၏ အင်္ဂါတစ်ရပ်ဖြစ်သည်။ မည်သည့်လူမှုနိုင်ငံရေးပုံစံ ဖြင့်ဖွဲ့စည်းထားသော လူ့ဘောင်လူ့အဖွဲ့အစည်းတွင်မဆို စာနယ်ဇင်းတို့သည် မရှိမဖြစ်သောလက်နက်ယန္တရားဖြစ်သည်။ ပဒေသရာဇ်ခေတ်တွင်ဖြစ်စေ အရင်းရှင်ခေတ်တွင်ဖြစ်စေ၊ ဆိုရှယ်လစ်ခေတ်တွင်ဖြစ်စေ၊ စာနယ်ဇင်းတို့သည် ပြည်သူလူထု၏အသံ၊ ပြည်သူလူထု၏အာဘော် ပြည်သူလူထု၏ထင်မြင်ယူဆချက် ကိုယ်စားလှယ်များအဖြစ် ရပ်တည်မြဲ ဖြစ်သည်။

(သတင်းစာ စာစောင် ၁၉၆၃)

ယနေ့သတင်းစာသည် နက်ဖန်ရာဇဝင်ဖြစ်သည်ဆိုသောစကားအရ၊ သတင်းစာ၊ မဂ္ဂဇင်း စသည်တို့ကို သိမ်းဆည်းထားနိုင်ခဲ့ပါမူ ရာဇဝင် သုတေသနအတွက်များစွာ အဖိုးတန်ပေလိမ့်မည်။

(ဇေယျ ၁၉၆၉)

သတင်းဆိုသည်မှာ သက်ရှိလူသားတို့၏ နံနက်အိပ်ရာထ ပထမဆုံးမှီဝဲရသော အာယုဝဍ္ဍန အားတိုးဆေးအာဟာရ ဖြစ်ပါသည်။

(မြမျိုးလွင် ၁၉၆၉)

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်မှာ မြန်မာဘုရင် သီပေါမင်းပါတော်မူခဲ့ပါတယ်။ ၁၉၆၂ မတ်လ ၂ရက်တွင် တော်လှန်ရေးကောင်စီပေါ်လာပါတယ်။ ယနေ့အထိလျှောက်ကြည့်ပါ သတင်းစာဆရာ၊ သတင်းထောက်ခေါင်းဆောင်မှုမပါခဲ့တဲ့ ခေတ်တစ်ခေတ်မှ မရှိပါဘူး။ အမြဲခေါင်းဆောင် မှုပေးနေတာဘဲ ဆိုတာ ကျွန်တော်ရဲရဲကြီး ပြောချင်ပါတယ်။

(ဦးထွန်းဖေ စာနယ်ဇင်းကောင်စီဥက္ကဋ္ဌ ၁၉၆၂)

သတင်းစာဆရာ၏ရည်ရွယ်ချက်အနေဖြင့် လုပ်ငန်းတစ်ခုခုလုပ်လျှင် ရည်ရွယ်ချက်ရှိရစမြဲ ဖြစ်သည်။ ထိုရည်ရွယ်ချက်များမှာ ၁။တိုင်းပြည်တိုး တက်ကြီးပွားရေး ၂။ပြည်သူအများဗဟုသုတ ကြွယ်ဝရေး ၃။လူနေမှုနှင့်စပ်လျဉ်းသောစားဝတ်နေရေး တိုးတက်ကောင်းမွန်ရေးအစရှိသည့် တိုင်းပြည်ကောင်းကျိုးကို ဆောင်ရွက်မည်ဆိုသော မျိုးချစ်စိတ်ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည်ကို




မြှင့်တင်မည်ဆိုသော မျိုးချစ်စိတ်ဖြစ်သည်။

(ဦးယုမောင် ရန်ကုန်သတင်းစာ ၁၉၆၂)

ယနေ့သတင်းစာများသည် နောင်တစ်ခေတ်တွင် သမိုင်းဝင်မှတ်တမ်းများဖြစ်လာနိုင်ဘွယ်ရာရှိသဖြင့် သတင်းရေးသားရာ၌ တိကျမှန်ကန်မှုသည် အရေးကြီးလေသည်။

(ဇဝန(ဦးသိန်း) ကြေးမုံသတင်းစာ ၁၉၆၂)

သတင်းစာများသည် လူထုဆန္ဒ၊ လူထုအာဘော်၊ လူထု၏ နစ်နာမှုများကို တင်ပြနေကြသော လူထုဟစ်တိုင်းကြီးများလည်း ဖြစ်ပေသည် တိုင်းပြည်ကိုမျက်စိ၊ နားဖွင့်ပေးနေကြသော လူထုသိပ္ပံကျောင်းကြီးများလည်း ဖြစ်ပေသည်။ တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နေကြသော လူမှုဝန်ထမ်းဌာနကြီးများလည်း ဖြစ်ပေသည်။

(ဦးဘဖေ(ရဲတင်း) ဟံသာဝတီသတင်းစာ ၁၉၆၂)

စင်စစ်တာဝန်သိတတ်သော သတင်းစာဆရာတို့သည်သာ လွတ်လပ်စွာရေးသားခွင့်နှင့် ထိုက်တန်ပြီး လွတ်လပ်ရေးသားခွင့်ကို စောင့်ထိန်းနိုင်သူများဖြစ်ကြောင်း မည်သူမျှမငြင်းနိုင်ပါ။ လွတ်လပ်စွာရေးသားခွင့်ရှိသော သတင်းစာသည်သာတိုင်း ပြည်အကျိုးကို ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင် သောသတင်းစာဖြစ်ကြောင်းကိုလည်း မည်သူမျှ မငြင်းနိုင်ပါ။

(ဦးစိန်ဝင်း- ဂါဒီယန်သတင်းစာ ၁၉၆၂)

ဗမာသမိုင်းကိုပြန်ရေးဖို့ ကြိုးစားတဲ့အခါခေတ် သစ်ဖက်ကို ရောက်လာတော့သတင်းစာကိုလည်း အားကိုးရပါတယ်။ သတင်းစာထဲက သမိုင်းအထောက်အထား ယူရပါတယ်။ သတင်းစာဟာ ခေတ်ကြေးမုံလို့ဆိုရင်လည်းရပါတယ်။ သတင်းစာထဲကနိုင်ငံ အုပ်ချုပ်ပုံနဲ့ပတ်သက်လို့ အစိုးရသဘောထား၊ ပြည်သူ့ဆန္ဒလက်ငင်းပြဿနာနဲ့ ဖြေရှင်းနည်းဆိုတာတွေ တွေ့မယ်ပြီးတော့ လူမှုစီးပွားရေး အတိုးအဆုတ်ကိုလည်း အကဲခတ်လို့ရမယ်၊ ယဉ်ကျေးမှုအနုပညာနဲ့ အခြေအနေကိုလည်း ခန့်မှန်းနိုင်တယ်။

(ဒေါက်တာသန်းထွန်း မန်းတက္ကသိုလ် ၁၉၆၉)

သတင်းစာဟူသည် အချိန်လု၍ သတင်းစာဖတ်သူများထံသို့ အစောဆုံး၊ အမြန်ဆုံးသတင်းပေးရသည်။ ဤသို့မဟုတ်ဘဲ အချိန်လွန်ခါမှ ပေးချေက သတင်းစာဟုခေါ်ရန်မသင့်၊ သမိုင်းစာဟူ၍ ကင်ပွန်းတပ်ရပေလိမ့်မည်။

(တက္ကသိုလ်ထင်ကြီး ၁၉၆၂)

သတင်းစာဟူသည် သတင်းကိုရောင်းကုန် အဖြစ်ရောင်းစားသောလုပ်ငန်းသာမဟုတ်ချေ၊ သတင်းစာသည် တာဝန်ကြီးစွာရှိ၏။ ပြည်သူလူထုကို အသိအမြင်တိုးပွားစေရန် ဆောင်ရွက်ရသော တာဝန်များသာမက ပြည်သူလူထုတစ်ရပ်လုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ ထိခိုက်နစ်နာခံစားနေရသောအဖြစ်ဆိုးများ၊ မတရားမှုများ၊ ညှဉ်းပမ်းနှိပ်စက်မှုများကို ရဲဝံ့ပြတ်သားစွာ ရှေ့ဆောင်တိုက်ဖျက်ရန် တာဝန်လည်း ကြီးမားစွာရှိ၏။

(ပြည်စိုးသတင်းစာ ၁၉၆၃)

မြန်မာစာနယ်ဇင်းဆိုင်ရာအဆို အမိန့်ကောက်နုတ်ချက်တစ်ချို့ကိုဖတ်ရှုရခြင်းဖြင့် မြန်မာစာနယ်ဇင်း၊ သတင်းစာလောက၏ ခေတ်ဟောင်းမှ ဗဟုသုတနှင့်ခေတ်သစ်တွင် ရှေ့ဆက်ရမည့် ခံယူချက်တို့ကို ရရှိခိုင်မာစေမည်ဟု ယုံကြည်လျက် စာနယ်ဇင်းသမိုင်းမှ ထုတ်နုတ်တင်ပြလိုက်ရပေသည်။

နိုင်ဗလ

## ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ကြသော သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

**စာမျက်နှာ ၃ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

### အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်သည်။

စာမျက်နှာ ၄ သို့

## အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

**လေထုညစ်ညမ်းမှုကို နာရီအနည်းငယ်ကြာမျှ ထိတွေ့မိခြင်းကြောင့် အာရုံစိုက်မှုနှင့် စိတ်ခံစားမှုများကို ဖတ်ရှုနားလည်ရန် ပိုမိုခက်ခဲစေနိုင်** စာမျက်နှာ ၇

**သမိုင်းတစ်ကွေ့ ပြည်ထောင်စုနေ့ (ဆောင်းပါး)** စာမျက်နှာ ၁၇